# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၇ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**သီလဝါအထူးစီးပွားရေးဇုန်သည် ၈ နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံရှိ**

# အထူးစီးပွားရေးဇုန် အဆင့်လိုက်စီမံကိန်းများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း လက်ရှိ ၁၃၃၀၀ ကျော်မှ ၃ သိန်းကျော်ခန့် ဖော်ဆောင်ပေးနိုင်မည်

နေပြည်တော် မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် ဖြစ်ပေါ်တိုးတက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်ထွန်းက ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက သီလဝါအထူးစီးပွားရေးဇုန် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံရသောအခက်အခဲများအပေါ် နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများ၊ လုပ်ငန်းဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများအား ရှင်းလင်းတင်ပြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

## ယနေ့ ဖတ်စရာ



**နိုင်ငံတကာအဆင့်သို့တိုင် ထွန်းတောက်လာတော့မည့် GTI ပညာရေးနှင့် လူငယ်များအနာဂတ်**


ဆောင်းပါး | စာ - ၁၆


**သီရိလင်္ကာနိုင်ငံ၌ လွှတ်တော်အစည်းအဝေးများကို ခေတ္တရပ်ဆိုင်း စီးပွားရေးအကျပ်အတည်းများ သီတင်းပတ်အတော်ကြာဖြစ်ပွား**


နိုင်ငံတကာသတင်း | စာ - ၁၃


## စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၀၂၅ ကျပ် ဈေးကစားပါက အရေးယူမည်

နေပြည်တော် မေ ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။


*စာမျက်နှာ ၄ ကော်လံ ၄ ❍*

# ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော်   မေ   ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆဋ္ဌမနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၁၆၄၇ ပါးအနက် ၈၄၀၂ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၁၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# အသိပေးကြေညာချက်

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ၂၀၂၁ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၃၄၆) ခုအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်း၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသောကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
( ၆ - ၅ - ၂၀၂၂ )

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Courses များ ဖွင့်လှစ်မည်

**သန်လျင်   မေ   ၆**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Courses များကို ၁၂.၅.၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

➤ Certificate in Business Law
Link; https://forms.gle/at6hi7o9RYmGKUuEA

➤ Certificate of Proficiency in Business English
Link; https://forms.gle/vS7tkQoeBycokfuB7

➤ Certificate in Entrepreneurship and Business Management
Link; https://forms.gle/QDqWkDmCDU1xTJbF6

အဆိုပါ သင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link များမှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၁၀.၅.၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဥ္စမနှစ် ဥပဒေပညာ၊ ပဥ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို ၁၈-၄-၂၀၂၂ ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေးဝန်ကြီးဌာန**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော်   မေ   ၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

မြန်မာ့အလင်း

# # ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ် ကူညီသွား

မြန်မာတို့က ကပ်ကြီးသုံးပါးဟု သိရှိကြသည့် ရောဂါဘေး၊ လက်နက်ဘေး၊ အငတ်ဘေးတို့က မျက်မှောက်ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၊ ပဋိပက္ခများနှင့် စစ်ပွဲများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ စသည့် ကမ္ဘာတစ်ဝန်းမှ ဖြစ်စဉ်များကို များမကြာလှသေးမီက မိမိတို့ မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီးလည်းဖြစ်သည်။ သို့ဖြစ်လင့်ကစား အမှောင်တွင်းမှ အလင်းပွင့်များသဖွယ်ပင် ရောဂါဘေး၊ စစ်မက်ဘေး၊ အငတ်ဘေးတို့ ကျရောက်နေစဉ်အတွင်းမှာပင် ကရုဏာစိတ်နှင့်ယှဉ်သည့် ဆောင်ရွက်လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး လူသားဆန်မှုများ ပြသခဲ့ကြသည်ကိုလည်း တွေ့ခဲ့ကြရသည်။

ကြက်ခြေနီအဖွဲ့အစည်းသည် ကရုဏာတရားကို အခြေခံသည့် လူသားချင်းစာနာသော လူမှုရေးလှုပ်ရှားမှုအဖွဲ့အစည်း ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် အဖွဲ့ဝင်ပေါင်း ၉၇ သန်းခန့် ရှိနေသည့် ကြက်ခြေနီအဖွဲ့အစည်းများသည် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အသက်အရွယ်၊ ကျား၊မ၊ အဆင့်အတန်းခွဲခြားခြင်းမရှိဘဲ လူသားတို့အား လူမှုဒုက္ခအဝဝနှင့် ဝေဒနာခံစားနေရမှုတို့မှ လျော့ပါးသက်သာရန်၊ ကာကွယ်တားဆီးရန် မွန်မြတ်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်ဆိုသူက ၁၈၆၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာမှ ကမ္ဘာအရပ်ရပ်သို့ ပြန့်ပွားသွားခဲ့သည့် ကြက်ခြေနီလှုပ်ရှားမှုသည် လူသန်းပေါင်းများစွာ သေကျေပျက်စီး၊ လူသန်းပေါင်းများစွာ ထိခိုက်ဒဏ်ရာရသည်အထိ ဒုက္ခကြုံခဲ့ရသည့် ကမ္ဘာစစ်ကြီး နှစ်ခုတွင် လွန်စွာအရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ရသည်။

မိမိတို့၏ ပတ်ဝန်းကျင်၌ လူမှုဒုက္ခအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခံစားနေရမှုများနှင့်အတူ ကရုဏာစိတ်ထားကို အခြေခံသည့် လှုပ်ရှားဆောင်ရွက်မှုများကိုလည်း မကြာမကြာ တွေ့ရှိကြရသည်။ အများအကျိုးဆောင်လိုသည့် စိတ်ဓာတ်နှင့် ကရုဏာစိတ်ထားတို့က လူသားဘဝ၏ မွန်မြတ်မှုကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ရာ အတိုင်းအတာပမာဏ ကြီးသည်၊ ငယ်သည်က ပဓာနမဟုတ်ဘဲ ကာယကံမြောက် ဆောင်ရွက်ပေးနိုင်မှုကသာ အဓိကဖြစ်သည်။ လူ့လောက၊ လူ့အဖွဲ့အစည်းကို တည်မြဲအောင်၊ သာယာချမ်းမြေ့အောင် စောင့်ရှောက်သည့် တရားများတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ၍ လေးပါးရှိရာ စာနာထောက်ထား သနားကြင်နာစိတ်(ကရုဏာ)သည်လည်း တစ်ပါးအပါအဝင်ပင် ဖြစ်သည်။ အဆိုပါ လောကပါလတရားတို့မှာ ဘေးဒုက္ခအန္တရာယ်များမှ ကျော်လွှားလွတ်မြောက်စေနိုင်သည့် စွမ်းအင်များရှိကြသလို လူ့ဘောင်လောကကို တည်ငြိမ်အေးချမ်းစေ၊ သာယာဝပြောစေသည့် တရားများလည်းဖြစ်ရာ တစ်ယောက်ကစ တစ်ရာ၊ တစ်ရာမှသည် တစ်ထောင် ပွားများအောင် ဆောင်ရွက်ကြခြင်းဖြင့် လူသားဘဝ၏ မွန်မြတ်မှုကို ပြသကြရမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့၏ ဆောင်ပုဒ်မှာ # ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ် ကူညီသွား ဟူ၍ဖြစ်ရာ လူမှုဒုက္ခခံစားနေရသူ၊ ဘေးအန္တရာယ်ကြုံတွေ့နေရသူ၊ အကူအညီလိုအပ်နေသူတို့အပေါ် ကရုဏာစိတ်ထားဖြင့် ကူညီကြရာတွင် လူတိုင်းကိုယ်စီကလည်း ပူးပေါင်းပါဝင်ကြကာ လူသားဘဝ၏ မွန်မြတ်မှုကို ပြသနိုင်ကြပါစေကြောင်း။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ ဇုန်နေရာအလိုက် သတ်မှတ်ပေးထားသော ကုန်ကြမ်းကုန်ချောပစ္စည်းများ မှန်မှန်ကန်ကန် တင်သွင်းခြင်း၊ တင်ပို့ခြင်းရှိမရှိ စစ်ဆေးနိုင်ရန် X- Ray Machine များ တပ်ဆင်စစ်ဆေးကြပ်မတ်ရန်လိုအပ်၊**

**❖ နောင်လာမည့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုရှိစေရန်အတွက်လည်း ငွေကြေးမူဝါဒ ခိုင်မာမှုရှိကြောင်း သိရှိနိုင်ရေး လုပ်ဆောင်ရန်လို**

**❖ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ မဆုံးရှုံးစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဖိတ်ခေါ်သွားရန်လည်းလို၊ နိုင်ငံတော်၏ ပထမဆုံးနှင့်အောင်မြင်မှုအရှိဆုံး စံပြအထူးစီးပွားရေးဇုန်ဖြစ်ရန် ယခုထက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်**

❊ *ရှေ့ဖုံးမှ*

ဆက်လက်၍ တက်ရောက်လာကြသူများက အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

**ငွေကြေးမူဝါဒတို့နှင့်အညီ ဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တင်ပြချက်များအပေါ် လိုအပ်သည့်အချက်များအလိုက် ပြန်လည်ရှင်းလင်းညှိနှိုင်းပြီးနောက် အမှာစကားပြောကြားရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်သည် ၈ နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံရှိပြီး မြန်မာကုမ္ပဏီ ၉ ခု မြန်မာအစုရှယ်ယာရှင် ၁၇၀၀၀ ကျော်နှင့် ဂျပန်ကုမ္ပဏီ ၃ ခုတို့မှ ပါဝင်ပူးပေါင်း၍ မြန်မာနိုင်ငံအစိုးရမှ ၁၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံသားကုမ္ပဏီမှ ၄၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံအစိုးရမှ ၁၀ ရာခိုင်နှုန်း၊ ဂျပန်ကုမ္ပဏီမှ ၃၉ ရာခိုင်နှုန်း အသီးသီး အချိုးကျထည့်ဝင်ဆောင်ရွက်ရသည့် အထူးစီးပွားရေးဇုန်ကြီးတစ်ခုဖြစ်ကြောင်း၊ လုပ်နည်းပိုင်းဆိုင်ရာအရနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ပိုင်ခွင့်ရမြေ ၅၀၀၀ ကျော်ကေတွင် ခွင့်ပြုရောင်းချပြီး မြေနေရာများအားလုံးအနက် ကျန်ရှိမြေနေရာများနှင့် လုပ်ငန်းအမြန် အကောင်အထည်ဖော်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ အထူးစီးပွားရေးဇုန်အဆင့်လိုက်စီမံကိန်းများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း လက်ရှိ ၁၃၃၀၀ ကျော်မှ ၃ သိန်းကျော်ခန့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ စနစ်တကျ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း၊ ဇုန်နေရာအလိုက် သတ်မှတ်ပေးထားသော ကုန်ကြမ်းကုန်ချောပစ္စည်းများ မှန်မှန်ကန်ကန် တင်သွင်းခြင်း၊ တင်ပို့ခြင်းရှိမရှိ စစ်ဆေးနိုင်ရန် X-Ray Machine များ တပ်ဆင်စစ်ဆေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ အထူးစီးပွားရေးဇုန် ငွေကြေးသုံးစွဲလည်ပတ်မှုနှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄၊ ဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်ထားသည့် ၃-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၂၂ ပါ ငွေကြေးမူဝါဒတို့နှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ နောင်လာမည့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုရှိစေရန်အတွက်လည်း ငွေကြေးမူဝါဒ ခိုင်မာမှုရှိကြောင်း သိရှိနိုင်ရေး လုပ်ဆောင်ရန် လိုကြောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စားစေရန်လည်း Myanmar Japan Thilawer Development (MJTD) မှ Brochure များ၊ Media များ၊ Website များမှယခုထက် ပိုမိုဆွဲဆောင်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် စိန်တစ်လုံးသရက်နှင့် ထောပတ်ပဲကဲ့သို့ သီးနှံများကို ဇုန်အတွင်း၌ CAN စနစ်ဖြင့် ပြုပြင်ထုတ်လုပ်နိုင်ရေး စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီများကိုလည်း အမြန်ဆုံးဖြစ်မြောက်စေရေး လိုအပ်သည်များကို ကူညီဆောင်ရွက် လမ်းညွှန်ပေးရန် လိုကြောင်း၊ သို့မှသာ စိန်တစ်လုံးသရက်သီးနှင့် ထောပတ်ပဲ စိုက်ပျိုးသူများအတွက် ဈေးကွက်အနိမ့်အမြင့်ခံရမှုမှ လွတ်ကင်းမည့် အကျိုးရှိစေနိုင်မည်ဖြစ်၍ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး စီမံကြရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် သုံးစွဲနေသော လျှပ်စစ်ဓာတ်အားကို Gas မှ LNG ကဲ့သို့နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲမှုကို အစားထိုးနိုင်ရေး ဆိုလာနှင့်လေအားလျှပ်စစ်ထုတ်ယူနိုင်မှုကို ကုမ္ပဏီတစ်ခုချင်း သို့မဟုတ် ဇုန်အလိုက် ထုတ်လုပ်နိုင်ပါက နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီများမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံတော်အတွက်လည်း အခြားလျှပ်စစ်ဓာတ်အား လိုအပ်သည့်နေရာများကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ မဆုံးရှုံးစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဖိတ်ခေါ်သွားရန်လည်း လိုကြောင်း၊ နိုင်ငံတော်၏ ပထမဆုံးနှင့် အောင်မြင်မှုအရှိဆုံး စံပြအထူးစီးပွားရေးဇုန်ဖြစ်ရန်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စီ.ပီ ဆင်ဖြူတော်စက်ရုံမှ ထုတ်လုပ်သည့် ပစ္စည်းများကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သန်လျင်တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ခန်းစာပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သန်လျင်တပ်နယ်၊ နယ်မြေခံတပ်ရှိ Motivation Hall ၊ နယ်မြေခံသင်တန်းကျောင်း သင်တန်းခန်းမများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျောင်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သန်လျင်ရေတပ်သင်္ဘောကျောင်းဌာနချုပ်ရှိ Motivation Hall ၌ တပ်မတော် (ရေ) တွင် အသုံးပြုလျက်ရှိသည့် စစ်ရေယာဉ်များ၏ မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သန်လျင်ရေတပ်သင်္ဘောကျောင်းဌာနချုပ်ရှိ Motivation Hall သို့ရောက်ရှိကြပြီး တပ်မတော်(ရေ) တွင် အသုံးပြုလျက်ရှိသည့် စစ်ရေယာဉ်များ၏ မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းရှိ သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ခန်းစာပို့ချနေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် အဆိုပါတပ်ရှိ Damage Control Simulator လက်တွေ့လေ့ကျင့်နေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာမျက်နှာ ၃ မှ**

ယခုထက် အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြပြီး သီလဝါအထူးစီးပွားရေးဇုန် ညွှန့်ခန်းမဆောင်၌ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လျှပ်စစ်ကေဘယ်များထုတ်လုပ်သည့် L S- Gaon Cable Myanmar စက်ရုံနှင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် စီ.ပီ ဆင်ဖြူတော်စက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများအား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၄ ခု လာရောက်ရင်းနှီးမြှုပ်နှံခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ကိုဗစ်-၁၉ တတိယလှိုင်းကာလ၌ ၈၉ ခု ယာယီရပ်ဆိုင်းခဲ့ရာမှ လုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ စည်းရုံးဆောင်ရွက်ခဲ့မှုကြောင့် ကုမ္ပဏီ စုစုပေါင်း ၈၂ ခုမှ လုပ်ငန်းလည်ပတ်ရပြီး ကျန်ရှိကုမ္ပဏီများအနေဖြင့်လည်း မကြာမီ ပြန်လည်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ***ရှေ့ဖုံးမှ***

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ တည်ငြိမ်နေပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ် အခြေခံ၍ တွက်ချက်မှုအရ မေ ၉ ရက်မှ မေ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်နည်းတူ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားကျင်းပ

နေပြည်တော် မေ ၆

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာရင်ရင်နွယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာသီတာဦး၊ ဦးခင်မောင်ရီ၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အငြိမ်းစား ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့်အရာရှိများ၊ မျိုးဆက်ဟောင်း မျိုးဆက်သစ် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

**ချီးကျူးဂုဏ်ပြု**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ခေတ်အဆက်ဆက် အစိုးရများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအတွက် မူဝါဒများချမှတ်ပြီး အမျိုးသားစီမံကိန်းများ ရေးဆွဲ၍ စီမံကိန်းများ အကောင်အထည်ဖော်ခဲ့ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ပြည်ပဈေးငွေနှင့် ငွေကြေးအထောက်အပံ့များ၊ ကျွမ်းကျင်မှုအကူအညီများ ရယူရေးနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနကို ၁၉၇၂ ခုနှစ် မတ် ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် ရွှေရတုကာလ နှစ် (၅၀) ပြည့် မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာနအနေဖြင့် ရွှေရတုတိုင်အောင် နိုင်ငံတော်ကပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်းကို ချီးကျူးဂုဏ်ပြုပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အရေးပါသောဌာနဖြစ်သည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် အကူအညီ ထောက်ပံ့မှုများရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် ဌာနလည်း ဖြစ်ပါကြောင်း၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေခံ အဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ပံ့ပိုးမှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန အနေဖြင့် ရွှေရတုတိုင် သမိုင်းအစဉ်အလာ ကောင်းများဖြင့် ဆောင်ရွက်နိုင်ခဲ့မှုများ အပေါ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**သြဝါဒစကား ပြောကြား**

ဆက်လက်၍ ယခင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နှင့် သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း(ငြိမ်း)က သြဝါဒစကား ပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန စတင်ဖွဲ့စည်းခဲ့သည့် ၁၉၇၂ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုများ၊ အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်လာပုံနှင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ဌာန၏ အောင်မြင်ထင်ရှားခဲ့သော သမိုင်းမှတ်တိုင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု အပြီးတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay LISTOPADOV ၏ ဂုဏ်ပြုစကားကို သံအမတ်ကြီးကိုယ်စား စီးပွားရေးကောင်စစ်ဝန် Mr. Andrei lunak က ဖတ်ကြားသည်။

ဆက်လက်၍ ရွှေရတုခရီးစဉ်တစ်လျှောက်ဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုပြသခြင်းနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန စတင်ဖွဲ့စည်းခဲ့ချိန်မှ ယခုအချိန်အထိ နိုင်ငံတော်ကိုယ်စား နိုင်ငံတကာ၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ အာဆီယံနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် ဌာနတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား မှတ်တမ်းတင်ထုတ်ဝေသည့် နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် သမိုင်းစာအုပ် ထုတ်ဝေခြင်းအစီအစဉ်တို့ကို ကျင်းပသည်။

**ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်**

ထို့နောက် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများနှင့် မျိုးဆက်သစ်ဝန်ထမ်းများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခြင်း၊ လုပ်သက် ၂၅ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၊ အခက်အခဲအမျိုးမျိုးကြားမှ ရုံးတက်ပျက်ကွက်ခြင်းမရှိဘဲ တာဝန်ကို ကြိုးစားထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဆုရရှိသူအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။

## ပေါက်တောမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (ဖုန်းပြုပြင်)သင်တန်းဖွင့်လှစ်

ပေါက်တော မေ ၆

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု(ဖုန်းပြုပြင်) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းက အမှာစကားပြောကြားပြီး သင်တန်းဆရာ ဦးသန်းအေးကျော်က သင်တန်းနှင့်ပတ်သက်၍ သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် ပေါက်တောမြို့နယ်အတွင်းရှိ တောင်ညိုကျေးရွာ၊ ရွာချောင်းကြီးကျေးရွာနှင့် ပေါက်တောမြို့ပေါ်မှ သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၂၀ တက်ရောက်ကြပြီး သင်တန်းဆရာများက စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်၍ သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်သည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



# အခြေခံပညာအထက်တန်းဆင့် (သင်ရိုးသစ်) ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ ယခုနှစ်တွင် Grade-5, Grade-8, Grade-11 သင်ရိုးသစ်အတန်းများ တိုးချဲ့သင်ကြားမည်

နေပြည်တော် မေ ၆

**အခြေခံပညာအလယ်တန်းဆင့် Grade–8 သင်ရိုးသစ် ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။**



ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး) ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆–၂၀၁၇ နှစ်မှစ၍ KG+12 သင်ရိုးသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုပညာသင်နှစ်တွင် သင်ရိုးသစ်အတန်းများဖြစ်သည့် Grade–5 ၊ Grade–8 နှင့် Grade –11 တို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းတွင် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်များမှ ကျွမ်းကျင်သည့် နည်းပြများက ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားများကလည်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆင့်ပွားသင်တန်း ပြန်လည်ပို့ချရမည့် နည်းပြကောင်းများဖြစ်ကြ၍ သင်ရိုးသစ်အကောင်အထည်ဖော်ရာတွင် အလွန်အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် ကျွမ်းကျင်စွာ သင်ကြားပို့ချနိုင်မှ ကျောင်းသူ ကျောင်းသားများ အမှန်တကယ် တတ်မြောက်မည်ဖြစ်ပါကြောင်း၊ ကျောင်းသူ ကျောင်းသားများ အမှန်တကယ် ပညာတတ်ခြင်းသည် ပညာအခြေပြုသော လူမှုစီးပွားတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ပို့ချပေးလိုက်သည့် သင်ပြနည်းများကို လေ့လာမှတ်သား၍ မိမိတို့ကျရာဒေသ ဆရာ ဆရာမများကို ပြန်လည်မျှဝေပေးပြီး မိမိတို့၏ တပည့်များကို လူတော်လူကောင်းဖြစ်အောင် ကြိုးစားသင်ကြားပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အခြေခံပညာရေးအတွက် KG + 12 စနစ်ကို ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ KG + 12 စနစ်ဖြင့် သွားရာတွင် မူလတန်း ငါးနှစ်၊ အလယ်တန်း လေးနှစ်၊ အထက်တန်း သုံးနှစ်ဖြင့် ၅,၄,၃ = ၁၂ တန်း ပညာရေးစနစ် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် Grade–5, Grade–8, Grade–11 သင်ရိုးသစ်အတန်းများကို တိုးချဲ့သင်ကြားမည်ဖြစ်ပြီး ရှေ့နှစ်တွင် Grade–9, Grade–12, သင်ရိုးသစ်အတန်းများ သင်ကြားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Grade –12 ပြီးဆုံးသည့်အခါ စနစ်သစ်ပညာရေး၏ အခြေခံပညာသင်ယူပြီးဆုံးမှု လက်မှတ်များကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ကြိုးစားသင်ကြား သင်ယူကြစေလိုပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား ၂၁ ရာစုနှင့် လိုက်လျောညီထွေရှိသည့် ပညာရပ်များကို တတ်မြောက်ပြီး တိုင်းချစ်၊ ပြည်ချစ် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ထက်သန်သော၊ ယဉ်ကျေးလိမ္မာသော နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့သည် Grade–11 သင်ရိုးသစ် ဗဟိုအဆင့်နည်းပြသင်တန်းတွင် ဘာသာရပ်အလိုက် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် အခြေခံပညာအထက်တန်းဆင့် Grade–11 သင်ရိုးသစ် ဗဟိုအဆင့်နည်းပြသင်တန်းကို မေ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်းဘာသာရပ်များနှင့် စာရိတ္တနှင့် ပြည်သူ့နီတိ+ကာယဘာသာရပ်များကို သင်တန်းနည်းပြ ဆရာ ဆရာမများက သင်ကြားပို့ချသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၅၉၈ ဦး တက်ရောက်သင်ကြားသင်ယူကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြစ်ကြီးနားတက္ကသိုလ်၌ နည်းပြ၊ သရုပ်ပြဆရာ ဆရာမ မောင်မယ်သစ်လွင်ကြိုဆို

**မြစ်ကြီးနား မေ ၆**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၆ ရက် နံနက် ၈ နာရီက မြစ်ကြီးနားတက္ကသိုလ် ခန်းမဆောင်၌ အသစ်ခန့်အပ်ထားသည့် နည်းပြ၊ သရုပ်ပြဆရာ ဆရာမ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အသစ်ခန့်အပ်ထားသည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမ မောင်မယ်သစ်လွင် ၄၅ ဦးတို့အား နိုင်ငံဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနေသည့် တက္ကသိုလ်များသည် အဓိကကျသကဲ့သို့ တက္ကသိုလ်များ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပြီး ယနေ့ခေတ် လူငယ်လူရွယ်များနှင့် မိမိတို့တိုင်းပြည်၏ အနာဂတ်ကောင်းမွန်စေရေး ထုဆစ်ပုံဖော်ပေးကြမည့် ဆရာ ဆရာမလောင်းများအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ပြည်နယ်အတွင်းရှိ NGO အဖွဲ့အစည်းများ၊ မြင့်မြတ်သူ သွေးလှူရှင်အသင်း၊ ပေးဆပ်သူ လူမှုပရဟိတအသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ကြပြီး ကျန်းမာရေးဝန်ထမ်းများနှင့် သွေးလှူရှင် စေတနာ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သွေးလှူရှင်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ပြည်နယ် ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဖိတ်ခေါ်ဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကလပ်ပေါင်းစုံ ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲတွင် ဘော်လီဘောအားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်းတို့မှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်း၊ အမျိုးသမီးအသင်း ငါးသင်းတို့မှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေးကာ ပြိုင်ပွဲဝင် အသင်းများအတွက် ထောက်ပံ့ငွေကျပ် ၁၂ သိန်းနှင့် ဒိုင်လူကြီးများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်ဘော်လီဘော ပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမ အသစ်များအား ကြိုဆိုပွဲကျင်းပ

ရန်ကုန် မေ ၆

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အသစ်ခန့်အပ်ခဲ့သည့် နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲနှင့် မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို LRC ဆောင် မြေညီထပ် Multimedia Room ၌ ယနေ့ မွန်းတည့် ၁၂ နာရီက ကိုဗစ်–၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမင်းမင်းရီ၊ ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာနီနီအောင်၊ ဒုတိယပါမောက္ခချုပ်၊ မဟာဌာနမှူး(ဘာသာစကား)ဒေါက်တာမြင့်မြင့်မော်၊ ဒုတိယပါမောက္ခချုပ်၊ မဟာဌာနမှူး (လူမှုသိပ္ပံ) ဒေါက်တာချောချောစိန်၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)၊ ဌာနမှူး(ရုပ်သံ)၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံခန့်ခွဲရေး ဌာနများမှ အရာထမ်းများနှင့် အသစ်ခန့်အပ်ထားသည့် နည်းပြ၊ သရုပ်ပြဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အာကာလင်း**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် မြန်မာနိုင်ငံသို့ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် မေ ၆**

AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်၍ မြန်မာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ယနေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံသို့ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ အစည်းအဝေး (Consultative Meeting on ASEAN Humanitarian Assistance to Myanmar) သို့ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prak Sokhonn နှင့် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖနောင်ပင်မြို့ အခြေစိုက် အာဆီယံသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများနှင့် AHA Centre တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် "မည်သူ့ကိုမျှ ချန်လှပ်ထားမှုမရှိရေး" မူဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအတွင်း အထူးသဖြင့် ရောက်ရှိရန်ခက်ခဲသော ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ မူဘောင်အကောင်အထည်ဖော်ရေးအပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လုပ်ငန်းအဖွဲ့က အမှန်တကယ်လိုအပ်နေသူများထံ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဖြူးရေးအစီအစဉ်အကောင်အထည် ဖော်ရေးကို ကြိုဆိုခဲ့သည်။

**ပံ့ပိုးကူညီသွားရေး**

ထို့ပြင် အစည်းအဝေးတွင် မြန်မာလုပ်ငန်းအဖွဲ့၊ အာဆီယံအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့အနေဖြင့် အာဆီယံခေါင်းဆောင်များအစည်းအဝေး၏ တူညီဆန္ဒငါးချက်ပါ စတုတ္ထအချက်တွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေး အပိုင်း (၂) ကို မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် ပံ့ပိုးကူညီသွားရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ကြပြီး လူသားချင်းစာနာထောက်ထားသည့်အကူအညီများ အမြန်ဆုံး ဆက်လက်ပေးအပ်နိုင်ရေးအတွက် ရှေ့ပြေးစီမံကိန်း (Pilot Project) များဖြင့် နှစ်ဖက် သဘောတူညီမှုရရှိသည့် ဒေသများတွင် ဆောင်ရွက်သွားမည့်ကိစ္စကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ပြည်တွင်းနည်းပညာအကြံပေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ





**နေပြည်တော် မေ ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ပြည်တွင်းနည်းပညာအကြံပေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အပိုင်းနှစ်ပိုင်းဖြင့်ဆောင်ရွက်မည်**

ရှေးဦးစွာ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ က e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်လုပ်ငန်းကို မိမိတို့ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစနစ်လုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ e-ID စနစ်လုပ်ငန်းအား ပြီးခဲ့သည့် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်သည်ဆိုသော်လည်း ယခင်ကတည်းက အောက်ခြေအဆင့်လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ e-ID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစီးဌာနဖွဲ့စည်းမှုနှင့် လိုအပ်သောဝန်ထမ်းများ ခန့်အပ်တာဝန်ပေးမှုတို့ကို ဆောင်ရွက်ပြီး အဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည့်အဖွဲ့များ ဖွဲ့စည်း၍ ညှိနှိုင်းဆွေးနွေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ e-ID စနစ်ကို Unit-ID ကောက်ယူခြင်းနှင့် National ID ဆောင်ရွက်ခြင်းဆိုသည့် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ Unit-ID ကောက်ယူရာတွင် ယခုကာလအတွင်း နယ်မြေလုံခြုံရေးအခြေအနေ၊ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များအပေါ်မူတည်၍ မြို့နယ် ၈၁ မြို့နယ်ကို ရွေးချယ်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း။

**ရှေ့လုပ်ငန်းစဉ်များ**

လက်ရှိအခြေအနေတွင် မိမိတို့ဌာနမှ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ နိုင်ငံသားကတ်ထုတ်ပေးသည့် မှတ်ပုံတင်စာရင်း (နိုင်-၄) မှတ်တမ်းများကို ကွန်ပျူတာများဖြင့် Excel Format ရိုက်သွင်းကာ နေပြည်တော်ရုံးချုပ်သို့ ပေးပို့ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်ရုံးချုပ်မှ Software ပြောင်းလဲကာ Server တွင် သိမ်းဆည်းသည့် လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ယခုပြည်တွင်းနည်းပညာ အကြံပေးအဖွဲ့ဝင်များက e-ID စနစ်၏ ဒီဇိုင်းပုံစံ၊ Biometric Data သုံးမျိုးကောက်ယူရာတွင် ဆောင်ရွက်မည့်ပုံစံနှင့် လိုအပ်မည့် Enrollment Kit တွင် ပါရှိရမည့် ပစ္စည်းကိရိယာများ၊ လုပ်ငန်းဆိုင်ရာ နိုင်ငံခြားသားပညာရှင်ငှားရမ်းနိုင်မည့် အခြေအနေ၊ IT ဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း e-ID စနစ်နှင့်ပတ်သက်၍ ခြေလှမ်းတစ်လှမ်း၊ နှစ်လှမ်း စသည်ဖြင့် လှမ်းနိုင်သမျှ၊ ပြီးစီးနိုင်သမျှ ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက ပြည်တွင်းနည်းပညာအကြံပေးအဖွဲ့၊ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ အဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြပြီး ပြည်တွင်းနည်းပညာ အကြံပေးအဖွဲ့ အဖွဲ့ဝင်များက e-ID စနစ်လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာ၌ ဆောင်ရွက်နေသည့် နည်းပညာဒီဇိုင်းပုံစံများနှင့် အားနည်းချက်၊ အားသာချက်များ၊ မိမိနိုင်ငံအတွက် ဆောင်ရွက်သင့်သည့် ဒီဇိုင်းပုံစံ၊ နည်းပညာလုံခြုံရေးဆိုင်ရာ လိုအပ်ချက်များ၊ နယ်ပယ်အသီးသီးသို့ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းများနှင့်အသုံးပြုမည့်ပစ္စည်းကိရိယာ ရွေးချယ်အသုံးပြုနိုင်ရေးအခြေအနေများ၊ e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် လုပ်နည်းလုပ်ဟန်နှင့် အချိန်ကာလသတ်မှတ်ချက်၊ နည်းပညာဆိုင်ရာ နိုင်ငံခြားသားအကြံပေးနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

မောင်မောင်လွင်၊ အောင်ကောင်းမာန်နှင့် ဝင်းမိုးကျော်တို့ကို ရွေးချယ်ခဲ့ပြီး ဂိုးသမားနှစ်ဦးဖြစ်သည့် အောင်ကိုလတ်နှင့် သူရကျော်၊ တိုက်စစ်ကစားသမားများဖြစ်သည့် ရဲရင့်အောင်နှင့် ရာဇာအောင်တို့လေးဦးကို အသင်းနှင့် အတူ ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး လိုအပ်ပါကလဲလှယ်အသုံးပြုသွားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် ကစားသမားများ ရောဂါကူးစက်ခံရပါက အဆင်သင့်အစားထိုးနိုင်ရန် ကစားသမားလေးဦးကို တစ်ပေါင်းတည်း လေ့ကျင့်ပေးလျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့်မြန်မာအမျိုးသားဘောလုံးအသင်းတွင် **ဂိုးသမား** – ပြည့်ဖြိုးသူ၊ ပြည့်ဖြိုးအောင်၊ နောက်တန်း– သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ ဝင်းမိုးကျော်၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ အလယ်တန်း–ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ ရန်ကျော်စိုး၊ ရဲလင်းထက်၊ မြတ်ကောင်းခန့်၊ **ရှေ့တန်း** – ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်း၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်နှင့် ဟိန်းထက်အောင်တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောအသင်းတို့နှင့် အုပ်စု (က) တွင် ကျရောက်နေပြီး အုပ်စုပထမပွဲအဖြစ် မေ ၈ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်၊ဓာတ်ပုံ–MFF**

# ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ




**ရန်ကုန် မေ ၆**

ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာ၌ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခွင့်ပြုခဲ့ခြင်းမှာ ရုပ်ရှင်လောကသားများ စားဝတ်နေရေး ပြေလည်စေရေး၊ ပြိုလဲလုနီးပါးဖြစ်ခဲ့သည့် ရုပ်ရှင်အနုပညာလုပ်ငန်းများ ပုံမှန်ပြန်လည်လှုပ်ရှားသက်ဝင်စေရေးနှင့် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ၏ လုပ်ငန်းများ ပြန်လည်အဆင်ပြေစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် အခက်အခဲများနှင့် အဖျက်အမှောင့်များ ကြုံတွေ့နေရသည့်အတွက် မျှော်မှန်းထားသလောက် ခရီးမရောက်သေးပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် မသမာသူအဖျက်သမားများက နည်းလမ်းပေါင်းစုံဖြင့် ဟန့်တားနှောင့်ယှက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အချို့သော အနုပညာရှင်များအား ခြိမ်းခြောက်မှုများ ပြုလုပ်နေသည်ကို ကြားသိရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိပါကြောင်း၊ ရုပ်ရှင်အနုပညာလောက ပြန်လည်ရှင်သန်နိုးထလာမည်ကို မနာလိုမရှုဆိတ်သည့် ပုဂ္ဂိုလ်များက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် နှောင့်ယှက်ဟန့်တားနေသည်ဟု ထင်မြင်မိပါကြောင်း၊ ထို့ကြောင့် အနုပညာရှင်အသိုင်းအဝိုင်းအားလုံးက ပြည်သူများ ရုပ်ရှင်ကြည့်ရှုခံစားနိုင်ရန်နှင့် အနုပညာရှင်များအား ယခင်ကကဲ့သို့ ချစ်ခင်နှစ်သက်အားပေးကြပြီး လုပ်ဆောင်ပေးကြရန် လိုအပ်ပါကြောင်း၊ ယနေ့ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြပါရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းဖြေရှင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်ရုံများ ရေရှည်ဖွင့်လှစ်ပြသနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြန်ကြားရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံ ပိုင်ရှင်များက ရုပ်ရှင်ပြသရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

**သတင်းစဉ်**

# အာဆီယံဒေသအတွင်း အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်မှုမြှင့်တင်နိုင်ရေး အာဆီယံနှင့်အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့နှင့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး







**နေပြည်တော် မေ ၆**

အာဆီယံဒေသအတွင်း အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် ASEAN Mutual Recognition Arrangement on Tourism Professionals (ASEAN MRA–TP) အကောင်အထည်ဖော်မှုကို မြှင့်တင်နိုင်ရေး လေ့လာသုံးသပ်မှုစာတမ်းကို အာဆီယံနှင့်အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (Economic Research Institute for ASEAN and East Asia–ERIA)က ရေးဆွဲပြုစုလျက်ရှိရာ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ သဘောထားအကြံပြုချက်များ ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်ဌာနများ၊ တက္ကသိုလ်ကောလိပ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားရှိသည့် နိုင်ငံအဆင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် သက်ဆိုင်ရာပုဂ္ဂလိကအသင်းအဖွဲ့ကိုယ်စားလှယ်များက Online ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ယခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ASEAN MRA–TP တွင် ဟိုတယ်နှင့်ခရီးလှည့်လည်ရေး လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ၃၂ မျိုးအပြင် Meeting, Incentive, Convention, Exhibition– MICE နှင့် Event ဆိုင်ရာ အလုပ်အကိုင်များကို ထပ်မံ တိုးချဲ့ထည့်သွင်းရေး နောက်ဆက်တွဲ ပြင်ဆင်ချက်အခြေပြစာချုပ်ကို အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများက လက်မှတ် ရေးထိုးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ လာအိုနိုင်ငံမှ လက်မှတ်ရေးထိုးရန် ကျန်ရှိပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး စုံညီစွာ လက်မှတ်ရေးထိုးပြီးပါက အဆိုပါ သဘောတူညီချက် အတည်ပြုဝင်ရောက်ရေး ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ယခုလေ့လာသုံးသပ်မှုသည် ၁၀ နှစ်တွင် (၁)ကြိမ် ဆောင်ရွက်ခြင်းဖြစ်၍ အစီရင်ခံစာမှတစ်ဆင့် ASEAN MRA–TP အကောင်အထည်ဖော်ဆောင်မှုကို ထိထိရောက်ရောက် အထောက်အကူပြုစေရေးအတွက် လိုအပ်သည့် အကြံပြုချက်များကို ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံနှင့်အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့မှ အကြီးတန်းစီးပွားရေးအကြံပေး Dr. Aladdin Rillo က အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ASEAN MRA–TP အကောင်အထည်ဖော်ဆောင်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးမှုသည် ၂၀၂၂ ခုနှစ်တွင် ၁၀ နှစ်ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လေ့လာသုံးသပ်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့လျက်ရှိသည့် အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပိုမိုကောင်းမွန်သော အကြံပြုချက်များဖြင့် အရည်အသွေး ပြည့်ဝသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး၊ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းစဉ်များ ပိုမို ရှင်းလင်းလွယ်ကူရေး၊ ကျွမ်းကျင်လုပ်သားများအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နိုင်ရေး လုပ်ငန်းစဉ်များကို ယခုထက် ပိုမိုထိရောက်နိုင်စေရန် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာနိုင်ငံအတွင်း MRA–TP အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များအနက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ အပါအဝင် အကောင်အထည် ဖော်မှုတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအလိုက် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ခရီးသွား လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများနှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ပိုမိုချောမွေ့လွယ်ကူစေရေး အကြံပြုချက်များ၊ ကျွမ်းကျင်လုပ်သားများ ရွှေ့ပြောင်းလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေး ဖြေလျှော့ဆောင်ရွက်ပေးနေမှုများနှင့် ထိုသို့ဖြေလျှော့ပေးရာတွင် အဖွဲ့ဝင်နိုင်ငံများအားလုံး တန်းတူအခွင့်အလမ်း ရရှိနိုင်ရေး အလေးပေး ဆောင်ရွက်စေလိုသည့် အချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**



# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ နယ်မြေခံ တပ်နယ်အတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရာသီသီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုစီးပွားဘဝ သာယာဝပြောရေးအတွက် မြန်မာ့တက္ကသိုလ်များ

## ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

*(ယမန်နေ့မှ အဆက်)*

**အမျိုးသားရေးတာဝန်ကိုထမ်းဆောင်နေသူ ဆရာများ**

တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်သူ ပါမောက္ခမှသည်၊ ဆရာ၊ ဆရာမများဟာ လူထုလိုအပ်ချက်၊ စက်ရုံတွေလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ဖြည့်ဆည်းသွားကြရမှာဖြစ်ပါတယ်။ တက္ကသိုလ်တည်ရှိရာဒေသ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ်လိုအပ်တဲ့ လူသားကျွမ်းကျင်မှု အရည်အသွေးတွေ၊ ကျွမ်းကျင်မှုအမယ်စုံကို မွေးထုတ်ပေးကြရမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် တက္ကသိုလ်ကောလိပ်တစ်ခုဟာ သူရှိနေတဲ့ဒေသမှာ နိုင်ငံတော်ရဲ့ရတနာပါပဲ။ စိန်ကောင်းကျောက်ကောင်း တစ်ပွင့်ပါပဲ။

မြစ်ကြီးနားတက္ကသိုလ်နဲ့ မော်လမြိုင်တက္ကသိုလ်ရဲ့ပတ်ဝန်းကျင်ဟာ ကွဲလွဲချက်ရှိနိုင်ပါတယ်။ မြစ်ကြီးနားတက္ကသိုလ်ဟာ မြန်မာနိုင်ငံမြောက်ဖျားရေခဲတောင်များနဲ့ အဖိုးတန် သစ်ခွ၊ အဖိုးတန်ကျောက်များကို ကိုယ်စားပြုသလို မော်လမြိုင်တက္ကသိုလ်ဟာ ပင်လယ်ကမ်းရိုးတန်းဒေသကြီးကို ကိုယ်စားပြုနေပါတယ်။ နိုင်ငံတစ်နံတစ်လျားမှာရှိတဲ့ တက္ကသိုလ်တွေဟာ ပညာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ သိပ္ပံနဲ့နည်းပညာ၊ ဆေး၊ တပ်မတော်စတဲ့ ကဏ္ဍကြီးတွေကို အခြေပြုတာဖြစ်တဲ့အတွက် ကိုယ်အားသန်ရာ ကိုယ့်အရည်အချင်းအရ လက်လှမ်းမီစွာ တက်ခွင့်ရှိနေတာမို့ ကြိုဆိုနေပါတယ်။ ကိုယ့်အမြင် ကိုယ့်အတွေးနဲ့ ရွေးချယ်ပြီး ပညာသင်ယူရုံသာရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာရှိနေတဲ့ ကျောင်း (သို့မဟုတ်) တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူအများစုသင်ယူလေ့လာနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်တဲ့အထိ မျှော်မှန်းပြီး ဆောင်ရွက်ဖို့၊ အတွေးအခေါ်အယူအဆတွေ ပြောင်းလဲကောင်းပြောင်းလဲပါမယ်။ နည်းစနစ်တွေ ပြောင်းလဲကောင်းပြောင်းလဲမယ်။ ကျွမ်းကျင်မှု အတတ်ပညာတွေ မြင့်တင်ရတာ ရှိကောင်းရှိမယ်။ မည်သို့ပင်ဖြစ်စေ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။

ဒီတော့ ဆရာဟာ အလွန်အားထုတ်ပေးရမယ့်နေရာမှာရောက်ရှိနေပါတယ်။ ဆရာရဲ့ ပညာအရည်အသွေး သဘောထားအမြော်အမြင် မြင့်မားမှုဟာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ မည်ကဲ့သို့သော လုပ်ငန်းစဉ်ချချ ဆန့်ကျင်ဘက်ချဉ်းကပ်နည်းတွေဟာ ရှိစမြဲပါ။ ပညာသင်ကြားမှု တစ်ခုလုံးရဲ့ ဗဟိုချက်မဟာ ကျောင်းသား ကျောင်းသူ လူငယ်တွေ၊ ဆည်းပူးနေလိုသူတွေ အလုပ်ခွင်က ဝန်ထမ်းတွေပဲ။



၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်က နှစ် (၁၀၀) ပြည့်ခဲ့သည့် ရန်ကုန်တက္ကသိုလ်။

ဘာကြောင့်လဲ အနာဂတ်ရဲ့မျိုးဆက်တွေမို့ အသက်ကြီးငယ်မရွေး အကျုံးဝင်နေပါတယ်။ ဒီမျှော်မှန်းချက်တွေရဖို့ ပညာရေးအစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ ဗဟိုချက်မက ဆရာဖြစ်ပါတယ်။

တက္ကသိုလ်များက လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနဲ့ ဖန်တီးနိုင်မှုတွေမှာ မြင့်မားနိုင်သမျှမြင့်မားအောင်၊ ပြည့်စုံနိုင်သမျှပြည့်စုံအောင် ဖန်တီးပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသအလိုက် တည်ရှိနေတဲ့တက္ကသိုလ်တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမအပေါင်းနဲ့ ဒေသတွင်းက ကျောင်းသား ကျောင်းသူအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူတွေ ဖြစ်တယ်လို့ပြောရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင်ဒေသတွင်း လူငယ်လူလတ်တွေရဲ့ ကျွမ်းကျင်မှု၊ ထိုသူတွေရဲ့ အရည်အသွေးဟာ ထိုဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ပါပဲ။ ဒီလိုဦးတည်ချက်ရှိရှိ ကြိုးပမ်းနေမှုဟာ အဲဒီတက္ကသိုလ်ရဲ့ အဆင့်တစ်ခုပဲဖြစ်ပါတယ်။

**တက္ကသိုလ်တစ်ခုနှင့်တစ်ခု တူစရာမလို**

သဘာဝဝန်းကျင်ကိုကြည့်ရင် အရင်းအမြစ်ကိုယ်၌ကိုယ်က ဆက်သွယ်ပေါင်းစည်းမှုတစ်ရပ်ဖြစ်ပါတယ်။ သီးခြားစီမဟုတ်ဘဲ အခြေခံကျတဲ့ အရင်းအမြစ်တွေဟာ အမျိုးစုံ အမယ်စုံ ဆက်စပ်ယှက်နွယ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်တွေဟာ ဝိဇ္ဇာ သိပ္ပံပဲဖြစ်စေ၊ နည်းပညာတက္ကသိုလ်ပဲဖြစ်စေ၊ နေရာဒေသကို အကြောင်းပြုရင်တစ်ခုနဲ့တစ်ခု တူညီစရာမလိုတော့ပါဘူး။ ဥပမာ မော်လမြိုင်၊ မြိတ်၊ ထားဝယ်နဲ့ စစ်တွေ တက္ကသိုလ်တွေမှာ အဏ္ဏဝါသိပ္ပံမဟာဌာန ထူထောင်ကြရမှာဖြစ်တယ်။ မော်လမြိုင် တက္ကသိုလ်လိုပဲ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာ တည်ရှိတဲ့ တက္ကသိုလ်တွေမှာ ဖွဲ့စည်းတဲ့မဟာဌာန အမျိုးအစားတွေဟာ တောင်တန်းဒေသတွေမှာရှိတဲ့ တက္ကသိုလ်တွေရဲ့ မဟာဌာနအမျိုးအစားတွေနဲ့တူနေဖို့ဆိုတာ သဘောသဘာဝအရမဖြစ်နိုင်၊ တက္ကသိုလ်တစ်ခုနဲ့တစ်ခု တူစရာမလိုဘူးဆိုတာ ထင်ရှားပါတယ်။ သို့သော် ချင်းပြည်နယ်၊ ကယားပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတွေက ကျောင်းသူ ကျောင်းသားတွေဟာ အဏ္ဏဝါဇီဝ (Marine biology)၊ ပင်လယ်ရေကြောင်းပညာရပ်တွေ သင်ယူလိုပါက ပင်လယ်ကမ်းရိုးတန်းဒေသ တက္ကသိုလ်တွေကိုတက်ရောက်နိုင်ဖို့ သတ်မှတ်ချက်မီဖို့ ကြိုးစားရပါလိမ့်မယ်။

ကချင်၊ ကရင်၊ ကယား၊ ချင်းနဲ့ ရှမ်းကုန်းပြင်မြင့်ဒေသတွေမှာရှိတဲ့ တက္ကသိုလ်တွေကလည်းတိုင်းရင်းသား စာပေ၊ ဂီတ၊ယဉ်ကျေးမှုနဲ့ ဒေသအလိုက်ရှိနေတဲ့ ကျောက်သံပတ္တမြား၊ ရေမြေ တောတောင်ကထွက်ရှိတဲ့ စိုက်ပျိုးသီးနှံအထိ၊ ရိုးရာနည်းပညာမှသည် လက်ငင်းအကျိုးဖြစ်ထွန်းမယ့် အလားအလာ အကောင်းဆုံးသော စက်မှုစိုက်ပျိုးအရင်းအမြစ်ဆီကို တွန်းပို့ပေးနိုင်မယ့် တက္ကသိုလ်တွေအဖြစ် ပြောင်းလဲကြရမှာဖြစ်ပါတယ်။ တက္ကသိုလ်တစ်ခုနဲ့တစ်ခုတူညီနေတာဟာ ဆရာ ဆရာမတွေ အရွှေ့အပြောင်း ရာထူးတိုးမြှင့်ရေးနဲ့ အရည်အသွေးမြင့်မားရေးအထိ အခက်အခဲဖြစ်စေပါတယ်။ ဒေသတစ်ခုမှာရှိတဲ့ တက္ကသိုလ်မှာ ဆရာ ဆရာမခန့်ထားရေးဟာလည်း အဆင့်မြင့်ပညာဦးစီးမှာ အခက်အခဲ၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ သို့သော် တက္ကသိုလ်တိုင်းမှာတော့ မဟာဌာနကြီး (Faculty) လေးခုအနည်းဆုံးရှိမှ တက္ကသိုလ်မည်မှာဖြစ်ပါတယ်။

တက္ကသိုလ်တွေမှာ မဟာဌာနကြီးတွေ တည်ထောင်သင့်တဲ့ ရည်ရွယ်ချက်ကတော့ သင်ကြားမှု၊ သင်ယူမှုနဲ့ ဒေသရဲ့လိုအပ်တဲ့ သုတေသနတို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးဆောင်ရွက်ဖို့ပါပဲ။ ဒါ့အပြင် နိုင်ငံတစ်နံတစ်လျားမှာ ဒေသလိုအပ်ချက်ကို အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်တာလည်း ဖြစ်ပါတယ်။

**မုန်တိုင်း အန္တရာယ် ကာကွယ်နိုင်ဖို့**

မြန်မာနိုင်ငံမှာ မုန်တိုင်းတွေဟာ ရခိုင်ကမ်းရိုးတန်းမြို့ကြီးတွေကို ဝင်ရောက်တိုက်ခတ်လေ့ရှိခြင်း၊ မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းကြီးတွေရဲ့ ၆၇ ရာခိုင်နှုန်းခန့်ဟာ ရခိုင်ကမ်းရိုးတန်းကို ကျရောက်ခဲ့ခြင်း၊ မိုးမကျမီ ဧပြီနဲ့ မေလ မိုးနှောင်း အောက်တိုဘာနဲ့ နိုဝင်ဘာလမှာ ဝင်ရောက်ခြင်း၊ ဒီကာလတွေမှာ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းဒေသရှိ ပြည်သူတွေ၊ ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ နေကြတဲ့ ပြည်သူတွေ၊ တာဝန်ရှိသူတွေဟာ ရင်တမမနဲ့ စိုးရိမ်ပူပင်လျက်ရှိကြရပါတယ်။ မုန်တိုင်းအန္တရာယ်က ဘယ်လိုကာကွယ်နိုင်မလဲ၊ ကာကွယ်နိုင်ဖို့ စုပေါင်းသုတေသနပြု၊ အကောင်အထည်ဖော်ရမယ့် တာဝန်ကြီးဖြစ်ပါတယ်။ သိပ္ပံနည်းကျ လေ့လာပြီး ကြိုတင်ကာကွယ်မှုတွေကို ဆောင်ရွက်ကြရပါမယ်။

မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့ –

- စစ်တွေတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ် သုတေသီတို့က နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်ကြရလိမ့်မယ်။
- ဒီလိုလုပ်ဆောင်ရာမှာ တက္ကသိုလ်တွေမှာ မိုးလေဝသ တိုင်းတာရေးစခန်း တည်ထောင်ရပါမယ်။ တက္ကသိုလ်တွေမှာရှိတဲ့ University Research Centre တွေနဲ့ ပူးတွဲထားရပါမယ်။
- တက္ကသိုလ်တွေမှာတည်ထောင်ခဲ့တဲ့ Community Development Centre တွေနဲ့ ချိတ်ထားရပါမယ်။
- ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင်ဌာနမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာ ဆရာမတွေက မိုးလေဝသဆိုင်ရာ အချက်အလက်တွေကို တိုင်းတာခြင်း၊ မိုးဇလဗေဒဦးစီးဌာနနဲ့ ပူးတွဲလုပ်ဆောင်လေ့လာခြင်း၊ သုတေသနပြုခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်ပြီး မှတ်တမ်းတွေ ပြုစုလေ့လာနေရပါလိမ့်မယ်။

ကမ်းရိုးတန်းဒေသမှာရှိတဲ့ တက္ကသိုလ်တွေကတော့ လေပြင်းမုန်တိုင်းနဲ့စပ်လျဉ်းတဲ့ အချက်အလက်တွေကို အလေးထားတိုင်းတာခြင်း၊ မုန်တိုင်းမကျရောက်မီ ကာကွယ်နိုင်တဲ့ နည်းလမ်းတွေ ဖော်ထုတ်ကြရပါမယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နဲ့ ပြင်ဦးလွင်စစ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့ကလည်း သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ ပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးရေးတို့အတွက် မျိုးဆက်သစ်သုတေသီများကို မွေးထုတ်ပေးရပါလိမ့်မယ်။ ဒီလိုဆိုရင် တက္ကသိုလ်ပညာနဲ့ လူ့အဖွဲ့အစည်းဟာ အပြန်အလှန်အကျိုးပြု၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ တစ်သားတည်းဖြစ်လာမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ကောလိပ်တွေနဲ့ ကထိကတွေ ပါမောက္ခတွေနဲ့ မဟာဌာနမှူးတွေက မျိုးဆက်သစ်လူငယ်တွေအပေါ်မှာ ထားတဲ့စေတနာဟာ အလုပ်တစ်ခုခုရရှိသွားစေဖို့လောက် မျှော်မှန်းချက် မဟုတ်ဘဲ သူတို့ကို တီထွင်ဖန်တီးဆန်းသစ်နိုင်တဲ့ စီးပွားရေးသို့ ပြောင်းလဲသွားအောင်၊ ဒေသအသီးသီးရဲ့ ပလက်ဖောင်းသစ်ပေါ်သို့ တင်ပို့ပေးရမှာဖြစ်ပါတယ်။ ဒီလို ထူထောင်ခြင်းအားဖြင့် ဒေသအလိုက်မြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဆထက်ထမ်းပိုး ပေါ်လာမှာဖြစ်ပါတယ်။ ဥပမာတစ်ခု အနေနဲ့တင်ပြရရင်

*စာမျက်နှာ ၁၁ သို့*

- **တက္ကသိုလ်တွေဟာ ဒေသအသီးသီးအတွက် ကြီးမားတဲ့အရင်းအမြစ်ပဲဖြစ်ပါတယ်။ ပညာရေးဟာ နိုင်ငံနဲ့ လူမျိုးရှင်သန်မှု ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ညီညွတ်မှု တည်ငြိမ်အေးချမ်းမှုရဲ့အရင်းခံလည်း ဖြစ်ပါတယ်။ ဒီခေတ်မှာ နိုင်ငံနဲ့လူမျိုးရဲ့ အသက်ဝိညာဉ်ဟာ ပညာရေးပဲ**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး) ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့ကြိုတန်းများဖြစ်သည့်(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်) သင်တန်းများနှင့် မဟာဝိဇ္ဇာဘွဲ့(ပထမနှစ်၊ ဒုတိယနှစ်) သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့တွင် ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်၊ ဘွဲ့ကြိုတန်းများဖြစ်သည့်(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်)သင်တန်းများနှင့် မဟာဝိဇ္ဇာဘွဲ့ (ပထမနှစ်၊ ဒုတိယနှစ်) သင်တန်းများကို ၁၂ – ၅ – ၂၀၂၂ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်/မန္တလေး)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂–၂၀၂၃ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂–၅–၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁–၅–၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ နည်းပြ/သရုပ်ပြ ဆရာ ဆရာမ သစ်လွင်များအား ကြိုဆိုပွဲကျင်းပ

**သန်လျင် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ နည်းပြ/သရုပ်ပြ ဆရာဆရာမ သစ်လွင်များအား ကြိုဆိုပွဲကို မေ ၆ ရက်က ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။

ကြိုဆိုပွဲတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဂင်းသိန်းက ယနေ့ခေတ်တွင် ပညာရေးကို နိုင်ငံအကြီးအကဲခေါင်းဆောင်များက အလေးထားဂရုတစိုက် အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးသည်မရှိမဖြစ် အလွန်လိုအပ်ကြောင်း အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် နည်းပြ/သရုပ်ပြ သစ်လွင် ဆရာဆရာမ ၂၈ ဦး ခန့်အပ်ခဲ့ပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းမဆုံးရှုံးရေးသည် ကာယကံရှင်နှင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးပါကြောင်း၊ ယခု တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများကိုလည်း ၁၂–၅–၂၀၂၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင် ပထမနှစ် ကျောင်းသူ ကျောင်းသားများ၏ ပထမနှစ်ဝက်၊ ၂၀၁၉–၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ၏ ဒုတိယနှစ်ဝက် သင်တန်းများနှင့် ၂၀၂၁–၂၀၂၂ နေ့သင်တန်းများ၏ ပဉ္စမနှစ်ဥပဒေ၊ ဂုဏ်ထူးတန်း တတိယနှစ်၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ပြန်လည်ဖွင့်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် ရပ်တန့်နေခဲ့သည့် ပညာရေးကဏ္ဍကို ပြန်လည်အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သစ်လွင် ဆရာ ဆရာမများအား တွေ့ဆုံနှုတ်ဆက်စဉ်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံသင်တန်းအင်ဂျင်နီယာဌာနမှူးများ၊ ဝိဇ္ဇာဘာသာရပ်/သိပ္ပံဘာသာရပ်များမှ ပါမောက္ခ(ဌာနမှူး)များနှင့် အသစ်ခန့် နည်းပြ/ဆရာ ဆရာမများက မိတ်ဆက်စကားများပြောကြားကာ စုပေါင်းအမှတ်တရဓာတ်ပုံများရိုက်ကူး၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**မိုင်းဆတ် မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို ယနေ့နံနက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘက်စုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်ပွင့်ဖြူက လူငယ်များ ဗဟုသုတရရှိစေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ အဆင့်ဆင့်နှင့် မီးခိုးမြူငွေ့အန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မီးခိုးမြူငွေ့မဖြစ်ပေါ်စေရန် လိုက်နာရမည့်အကြောင်းအရာတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၀ မှ*

တိုးတက်နေပါပြီဆိုတဲ့ စင်ကာပူဟာ မြင့်မားတဲ့ နည်းပညာမှာ အိန္ဒိယကို မပြိုင်နိုင်၊ Software Hardware ပိုင်းမှာ ဟောင်ကောင်ကို မပြိုင်နိုင်ဘူးလို့ဆိုပါတယ်။ ဒါကြောင့် စင်ကာပူဟာ ခရီးသွားလာခြင်းလုပ်ငန်းနဲ့ ပညာရေးကိုလှည့်ခဲ့ရပါတယ်။ အချက်အချာကျတယ်ဆိုတဲ့ ဆိပ်ကမ်းကိုလည်း လက်မလွှတ်ဘဲ စင်ကာပူတစ်ယောက်ဟာ နိုင်ငံခြားခရီးသွား ၁၀ ယောက်ကိုမျှော်လင့်ပြီး ပညာရေးကိုလည်းပြောင်း၊ စီးပွားရေးစနစ်ကိုလည်းပြုပြင်ခဲ့ခြင်းဖြင့် စင်ကာပူဟာ စီးပွားရေးကျဆင်းသွားခြင်းမရှိတာကို တွေ့ရပါတယ်။

ဥပမာတစ်ခု တင်ပြရရင် ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံမြောက်ဖျား ဆီးနှင်းတွေဖုံးအုပ်တဲ့ တောင်တန်းကြီးနဲ့ စိမ်းလန်းစိုပြည်တဲ့သစ်တောကြီးက စီးဆင်းတဲ့ရေဟာ အကောင်းဆုံးပဲ။ ကမ္ဘာက ကြိုက်နှစ်သက်လောက်တဲ့ (Mineral water) သဘာဝဓာတ်တွေပါဝင်တဲ့ရေ ဖြစ်ပါတယ်။ ရေသန့်စက်ရုံမလိုလောက်အောင် ကောင်းတဲ့ရေဖြစ်ပါတယ်။ ရေသန့်ကို မြစ်ကြီးနားအထက်မှာထုတ်၊ တရုတ်ယူနန် ဘက်ပို့၊ ဧရာဝတီ မြစ်ကြောအတိုင်း နိုင်ငံအလယ်ပိုင်းကိုပို့ရင် စီးပွားဖြစ်ပြီပဲ။ သစ်သီးဝလံတွေဟာလည်း လတ်ဆတ်၊ ပွင့်တဲ့ပန်းမန်တွေကလည်း အမျိုးစုံတဲ့အပြင် သစ်ခွတွေကလည်း ထူးခြားတဲ့ ဂုဏ်အင်တွေရှိ၊ စီးပွားဖြစ်မယ့်လုပ်ငန်းတွေရဲ့လိုအပ်ချက်ဖြစ်တဲ့ သုတေသနတွေကို မြစ်ကြီးနားတက္ကသိုလ်က ဖြည့်ဆည်းပေးရလိမ့်မယ်။

### ပညာလွှမ်းမိုးတဲ့ တက္ကသိုလ်မြို့တော်

ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနား တို့ဟာ ပညာရေးလွှမ်းမိုးတဲ့ တက္ကသိုလ်မြို့တော်ဖြစ်ဖို့အထိ မျှော်မှန်းချက်ရှိခဲ့ပါတယ်။ မြို့ကြီးပြကြီးတွေဟာ ဥပမာတစ်ခုအနေနဲ့ နှိုင်းယှဉ်ပြရရင် အောက်စဖို့ဒ်၊ ကင်းဘရစ်ကဲ့သို့ ပညာရေးမြို့ကြီးဖြစ်ဖို့၊ တက္ကသိုလ်စီးတီး (University Town) ဖြစ်ဖို့အထိ ပညာရေးက အားထုတ်ရပါမယ်။ တက္ကသိုလ်တွေဟာ ဒေသအသီးသီးအတွက် ကြီးမားတဲ့အရင်းအမြစ်ပဲ ဖြစ်ပါတယ်။ ပညာရေးဟာ နိုင်ငံနဲ့ လူမျိုးရှင်သန်မှု ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ ညီညွတ်မှု တည်ငြိမ်အေးချမ်းမှုရဲ့အရင်းခံလည်းဖြစ်ပါတယ်။ ဒီခေတ်မှာ နိုင်ငံနဲ့လူမျိုးရဲ့ အသက်ဝိညာဉ်ဟာ ပညာရေးပဲ။ ပညာဟာ သုံးလို့မကုန်နိုင်လောက်တဲ့ သယံဇာတဖြစ်တယ်ဆိုတာ ပိုပြီးနားလည်လာကြပါတယ်။

အခြေခံပညာမှသည် အဆင့်မြင့်အထိပြုပြင်ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ်၊ ကြည့်ရှုပြုပြင်၊ မြော်မြင်ကြံဆကာ နိုင်ငံခေါင်းဆောင်၊ နိုင်ငံအကြီးအကဲတွေကအစ ပညာရေးဝန်ထမ်းတွေ အားထုတ်နေတာကို တွေ့မြင်ရပါတယ်။ ပညာရေးဖွံ့ဖြိုးတိုးတက်လာရာမှာ “သမင်မွေးရင်းကျားစားရင်း” မဖြစ်ဖို့ မြော်မြင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ချောတိုင်တက်သလို ပန်းတိုင်ရောက်ခါနီးမှ ပြန်ကျရတဲ့ အဖြစ်ကဲ့သို့မဖြစ်ဖို့ ပညာဆည်းပူးသူ လူငယ်တွေမှ လူကြီးတွေတိုင် သတိ၊ ပညာ၊ ဥာဏ်မြေကတုတ်ဖြင့် ကာကွယ်တားဆီးနေကြရမှာ ဖြစ်ပါတယ်။

အခုအချိန်အခါမှာ ဆရာ၊ ကျောင်းသား၊ ပညာရေးဝန်ထမ်းတွေဟာ ကျောင်းဖွင့်ဖို့ အားထုတ်နေတဲ့ကာလ၊ အရှိန်အဟုန် လန်းလန်းဆန်းဆန်းနဲ့ ပညာရေးပတ်ဝန်းကျင်ကောင်းမှာ မိမိတို့ရဲ့ လက်ရှိအင်အားကို အပြည့်အဝသုံးကာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်တဲ့ ပညာရေးခရီးကို ဆက်ရမှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုအခြေပြု ပညာရပ်တွေ၊ လူမှုဘဝမှာ ကြုံတွေ့ရတတ်တဲ့ ဥပဒေပြုဆိုင်ရာတွေမှာလည်း လေ့လာဆည်းပူးကြရလိမ့်မယ်။ အိမ်တွင်းမှု စီးပွားရေးပညာတွေ၊ အဆင့်မြင့် စီးပွားရေးအတတ်ပညာတွေ၊ ဘဏ်လုပ်ငန်းကြီးတွေ၊ ကုမ္ပဏီကြီးတွေမှာ ခေတ်မီနည်းပညာတွေသုံးပြီး အလုပ်လုပ်နိုင်အောင် တက္ကသိုလ်၊ ကောလိပ်တွေမှာ ပညာပြီးဆုံးအောင်သင်ယူကြရလိမ့်မယ်။ ဆရာ၊ ကျောင်းသား၊ မိဘပြည်သူတွေကလည်း ယုံကြည်မှုအပြည့်နဲ့ ရှေ့သို့ ချီတက်ကြရလိမ့်မယ်။

ကောင်းပါပြီ။ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

- ပညာစီးပွားခေတ်မှာ ကျောင်းသားလူငယ်တွေ စာမသင် ပညာမသင်လို့ကတော့ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာမလိုတော့ပြီ။
- တက္ကသိုလ်တည်ရှိရာဒေသ လူမှုဘဝသာယာဝပြောတဲ့ အဖွဲ့အစည်းအတွက် အမှန်တကယ်လိုအပ်တဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကို မွေးထုတ်ပေးကြရမှာဖြစ်ပါတယ်။ တကယ့်ကို မြင့်မြင့်မားမားပညာတတ်မှု၊ ဖန်တီးမှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကသာ ဆက်လက်ရှင်သန်၊ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွား ဖြစ်ထွန်းမှု၊ လူ့ဘောင်ရဲ့ညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ရေးရှုနိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၀၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၄၆၀ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၀ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၃၀ | ၂၅၇၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၂၇၃၅ |
| HSD (50 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၅ | ၂၀၉၉ |
| HSD (500 ppm) | ၂၂၃၉ | ၂၃၁၃ |
| HSD (50 ppm) | ၂၂၆၆ | ၂၃၄၁ |
| HSD (10 ppm) | ၂၂၆၆ | ၂၃၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ဆီမီးခုံ(၃) နွားထိုးကြီးမြစ်ရေတင်စီမံကိန်း အကောင်ထည်ဖော်ပေးရန် ဒေသခံများလိုလား

**နွားထိုးကြီး မေ ၆**

မိုးနည်းသည့် အညာဒေသ နွားထိုးကြီးမြို့နယ်နှင့် မလှိုင်မြို့နယ်တို့ကို စိမ်းလန်းစိုပြည်စေမည့် စီမံကိန်းမှာ ဆီမီးခုံ (၃) နွားထိုးကြီးလျှပ်စစ် မြစ်ရေတင်စီမံကိန်း ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်က စီမံကိန်းမိုင် ၆၀ ကျော်ကို ရေပေးမြောင်းများ၊ ပိုက်လုံးများနှင့် နွားထိုးကြီးနယ်လယ်မြေ ဧက ၁၅၀၀၀ ကျော် ရေပေးမည့် မြစ်ရေတင်စီမံကိန်းကို ဆောက်လုပ်နေခြင်း ဖြစ်သည်။

တစ်နှစ်အတွင်းမှာပင် ပင်မမြောင်း ၇ ဒသမ ၃ မိုင်၊ လက်တံနှင့် အဆောက်အအုံနှစ်ခု ဆောက်လုပ်ပြီးစီးခဲ့သည်။ ဆက်လက်၍ ၆၁ မိုင် ပင်မမြောင်း၊ လက်တံမြောင်းများ ဖောက်ရမည်။ ဧရာဝတီမြစ်ရေကို ရေပေါ် စက်ရုံနှစ်ရုံဖြင့် ကမ်းပေါ်သို့ စုပ်တင်မည်။ ပင်မမြောင်း ၈ ဒသမ ၆၄ မိုင်ရှည်၊ သံပိုက်လိုင်း ၁၇ဒသမ ၅မိုင်၊ ထပ်ဆင့်ရေတင်စက် သုံးဆင့်နှင့် နွားထိုးကြီးမြို့နယ်သို့ ရေပို့ပေးရန်ရှိနေသည်။

စီမံကိန်း အကျိုးခံစားရမည့် နယ်မြေတွင် မလှိုင်မြို့နယ်လည်း ပါဝင်မည်ဖြစ်သည်။

ဆီမီးခုံ (၃) နွားထိုးကြီးကို အဆင့် (၄) ဆင့်နှင့် မြစ်ရေတင်မည်ဖြစ်ရာ အဆင့်(၁)မှာ ဧရာဝတီမြစ်ရေကို ပေ ၆၀ အမြင့်သို့တင်ပြီး ကွန်ကရစ်မြောင်းပေ ၁၃၅၀၀ ဖြင့် ရေပို့ပေးမည်။ အဆင့်(၂)မှာ အမြင့် ပေ၈၆ ဒသမ ၂၈ သို့ ရေမောင်းတင်ပြီး ကွန်ကရစ်မြောင်း အရှည် ပေ ၃၂၀၀၀ နှင့် ရေပို့ပေးမည်။ အဆင့် (၃)မှာ အမြင့်ပေ ၂၀၀ ခန့် သို့ ရေတင်ပြီးဖိအားမြင့် ပိုက်လိုင်း အရှည် ပေ ၅၁၀၀၀ ဖြင့် ရေပေးမည်။ အဆင့် (၄)တွင် အမြင့်ပေ ၂၁၀ ကို ရေမောင်းတင်ပြီး ဖိအားမြင့်ပိုက်လိုင်း ၃၉၂၀၀ နှင့် ရေပို့သွားမည်ဖြစ်သည်။

ဆီမီးခုံ ရေပေးပင်မမြောင်း အလျား ၂၃ မိုင်၊ လက်တံမြောင်း အရှည် ၃၈ မိုင် စုစုပေါင်း ၆၁ မိုင် ရှည်လျားစွာဖြင့် နွားထိုးကြီးနယ်ကို ရေပေး၍ စိုပြည်စိမ်းလန်းလာရန် ယာမြေများ နုန်းတင်မြေဖြစ်ပြီး မိုးရွာမှ ရေမြင်ရသော အခြေအနေမှ ရာသီမရွေး မြစ်ရေတွေ ဖွေးလာမည့်အပြင် ကောက်ပဲသီးနှံ ဆန်ရေစပါး အလျှံပယ်ဖြစ်လာမည် ဖြစ်သည်။

မြစ်ရှိသည့်နေရာသို့ လူသွားစရာမလိုဘဲ လူရှိသည့်နေရာကို မြစ်ကြီးကို ရွှေ့ပေးလိုက်သဖွယ် ဖြစ်သော ဆီမီးခုံ (၃) နွားထိုးကြီး စီမံကိန်းမှာ နိုင်ငံတော်က တစ်နှစ် သာ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၁ မှစ၍ လုပ်ငန်းများရပ်နား သွားခဲ့ရသည်မှာ ယခုတိုင်ဖြစ်သည်။ ၎င်းစီမံကိန်းကို အညာဒေသသားတို့က ရွှေကို မလိုရေလိုနေ၍ ဆက်လက်အကောင်အထည်ဖော်ပေးရန် လွန်စွာတောင့်တနေပြီ ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီမြစ်ရေကို ကုန်းခေါင်ခေါင် နွားထိုးကြီးမြို့နယ်သို့ အရောက်ပေးပို့မည့် ဆီမီးခုံ (၃) စီမံကိန်းကြီးမှာ စိုက်ပျိုးရန်နှင့် သုံးစွဲရန်အတွက် ရေကိုလွန်စွာ အလိုရှိနေသည့် အညာသူ အညာသားတို့အတွက် အဖိုးမဖြတ်နိုင်သည့် စီမံကိန်းကြီး ဖြစ်သည်။

၀၁၈

## ဗီယက်နမ်ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှား နုတ်ထွက်ခဲ့သဖြင့် မြန်မာအပါအဝင် ခုနစ်သင်းဖြင့် ကျင်းပမည်

**ရန်ကုန် မေ ၆**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်း နုတ်ထွက်ခဲ့သဖြင့် မြန်မာအသင်း အပါအဝင် ခုနစ်သင်းဖြင့်သာ ကျင်းပသွားမည်ဖြစ်သည်။

ယခင်က ပြိုင်ပွဲဝင် ရှစ်သင်းကို လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားအသင်း နုတ်ထွက်ခဲ့သဖြင့် အုပ်စု (က) တွင် သုံးသင်းသာ ကျန်ရှိတော့ပြီး အုပ်စု (ခ) တွင် ပုံမှန်အတိုင်း လေးသင်းဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ထိုင်း၊ မြန်မာ၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်သည်။ မြန်မာအသင်း ပါဝင်သည့် အုပ်စု (ခ) ပွဲစဉ်များကို မေ ၁၀၊ ၁၃၊ ၁၅ ရက်များတွင် ပြုလုပ်မည်ဖြစ်ပြီး မြန်မာအသင်းသည် မေ ၁၀ ရက်တွင် လာအိုအသင်း၊ မေ ၁၃ ရက်တွင် ထိုင်းအသင်း၊ မေ ၁၅ ရက်တွင် စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု (က) ပွဲစဉ်များကို မေ ၉၊ ၁၁၊ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်၊ တတိယ နေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ရှိနေပြီး အုပ်စုပထမနေရာအတွက် ထိုင်းအသင်းနှင့် အဓိက ယှဉ်ပြိုင် ရမည်ဖြစ်သည်။

ရဲရင့်လွင်

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# သီရိလင်္ကာနိုင်ငံ၌ လွှတ်တော်အစည်းအဝေးများကို ခေတ္တရပ်ဆိုင်း စီးပွားရေးအကျပ်အတည်းများ သီတင်းပတ်အတော်ကြာ ဖြစ်ပွား



လွှတ်တော်အဆောက်အအုံပြင်ပတွင် ဆန္ဒဖော်ထုတ်နေသူများကို တွေ့ရစဉ်။

**ကိုလံဘို မေ ၆**

လွှတ်တော်အဆောက်အအုံပြင်ပတွင် ဆန္ဒပြသူများ စုရုံးပြီး လတ်တလောဖြစ်ပွားနေသော စီးပွားရေးအကျပ်အတည်းများကို အဖြေရှာရန် လွှတ်တော်အမတ်များကို တောင်းဆိုလျက်ရှိသောကြောင့် လွှတ်တော်အစည်းအဝေးများကို မေ ၁၇ ရက်အထိ ခေတ္တရပ်ဆိုင်းလိုက်ကြောင်း သီရိလင်္ကာလွှတ်တော်ဥက္ကဋ္ဌက မေ ၆ ရက်တွင် ကြေညာလိုက်သည်။

ရဲများက ဆန္ဒထုတ်ဖော်လူအုပ်ကြီးကို လူစုခွဲရန်အတွက် မျက်ရည်ယိုဗုံးများနှင့် ရေအမြောက်များကို အသုံးပြုခဲ့ကြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးများကို ရပ်ဆိုင်းလိုက်ပြီး ဆန္ဒပြသူများအား ဆန့်ကျင်တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ချက်ချင်းအစီရင်ခံစာတင်ရန် တောင်းဆိုလိုက်သည်။ အဆိုပါဒေသတွင် လုံခြုံရေးများကို တိုးမြှင့်ထားကြောင်းနှင့် အပြင်ဘက်တွင် အခြေအနေတင်းမာလာသောကြောင့် တချို့အမတ်များသည် လွှတ်တော်မှ ချက်ချင်းမထွက်ခွာနိုင်သေးကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံခြားငွေလဲလှယ်မှုပြတ်တောက်သွားပြီး ယင်းက လောင်စာဆီ၊ အစားအစာနှင့် ဆေးကဲ့သို့သော အဓိက မရှိမဖြစ်ပစ္စည်းများပြတ်လပ်မှုကိုဖြစ်စေကာ ထိုမှတစ်ဆင့် နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးအကျပ်အတည်းများကို သီတင်းပတ်အတော်ကြာ ဖြစ်ပွားစေခဲ့သည်။

ဆင်ဟွာ

# အယ်လ်ဂျီးရီးယားနိုင်ငံ၌ ရေနံထုတ်လုပ်မှု တစ်နေ့ စည်ပေါင်း ၁၁၀၀၀ တိုးထုတ်မည်

**အယ်လ်ဂျီးယား မေ ၆**

အယ်လ်ဂျီးရီးယားနိုင်ငံက ဇွန်လအတွင်း ရေနံထုတ်လုပ်မှုမှာ တစ်နေ့လျှင် စည်ပေါင်း ၁၁၀၀၀ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုတွင်း ဝန်ကြီး မိုဟာမက် အာကာ်ခ်က မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယား နိုင်ငံ၏ နေ့စဉ် ရေနံထုတ်လုပ်မှုနှုန်းမှာ စည်ပေါင်း ၁ ဒသမ ၀၁၃ သန်းမှ ၁ ဒသမ ၀၂၄ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း (၂၈) ကြိမ်မြောက် အိုပက်နှင့် အိုပက်အဖွဲ့ဝင် မဟုတ်သောဝန်ကြီးအဆင့် အစည်းအဝေးပြီးနောက် တရားဝင် ရုပ်သံလိုင်း ENTV က သတ္တုတွင်း ဝန်ကြီး၏ ပြောစကားကို ကိုးကားပြီး ဖော်ပြခဲ့သည်။



အယ်လ်ဂျီးရီးယားနိုင်ငံရှိ ရေနံချက် စက်ရုံတစ်ရုံကို တွေ့ရစဉ်။

အစည်းအဝေးတွင် နိုင်ငံ ၂၃ နိုင်ငံက ဇွန်လ၌ တစ်နေ့လျှင် ရေနံထွက်ရှိမှုကို စည်ပေါင်း ၄၃၂၀၀၀ ထပ်မံ တိုးမြှင့်ရန် သဘောတူခဲ့ကြောင်း စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီး မိုဟာမက် အာကာ်ခ်က မှတ်ချက်ပြု ပြောကြားခဲ့သည်။

ကမ္ဘာ့ရေနံဈေးကွက် တိုးတက်မှုများကို ဆွေးနွေးရန် ဇွန် ၂ ရက်တွင် နောက်တစ်ကြိမ် အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုတွင်း ဝန်ကြီး မိုဟာမက်အာကာ်ခ်က ဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၅၄၅ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၅၄၅ ဦးထပ်မံတွေ့ရှိလာသဖြင့် မေ ၆ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၃၀၉၄၉၃၈ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်ဖော်ပြချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ဒေလီမြို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၆၅ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံမြို့တော်တွင် ကိုဗစ်-၁၉ကူးစက်ခံနေရသူ ၅၇၅၆ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ မေ ၅ ရက် နံနက်ပိုင်းမှစကာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၇ ဦးရှိလာသဖြင့် ကိုဗစ်-၁၉ကြောင့် သေဆုံးသူ စုစုပေါင်း ၅၂၄၀၀၂ ဦး ရှိလာပြီဖြစ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၁၉၆၈၈ဦးရှိရာ လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၁ ဦးလျော့နည်းသွားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော၂၄ နာရီအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်ကျန်းမာလာသူ ၃၅၄၉ ဦးရှိရာ ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း ၄၂၅၅၁၂၄၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကာဂျစ္စတန်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်နေအိမ်များ ရေနစ်မြုပ်ပြီး ပြည်သူ ၁၀၀၀ ကျော်ဘေးကင်းရာသို့ ပြောင်းရွှေ့

**ဘက်ချ်ကက် မေ ၆**

ကာဂျစ္စတန်နိုင်ငံ တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားသဖြင့် အိမ်ခြေ ၈၃၅ အိမ်ရေမြုပ်ခဲ့ပြီး ပြည်သူ ၁၀၀၀ ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း နိုင်ငံအရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနက မေ ၅ ရက်တွင် ပြောကြားခဲ့သည်။

ကာဂျစ္စတန်နိုင်ငံ အော်လိုင်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခြင်းကြောင့် အိမ်ခြေ ၂၂၉ အိမ်၊ ကျောင်းတစ်ကျောင်း၊ လမ်းများနှင့် အခြားလူမှုစောင့်ရှောက်မှု အဆောက်အအုံများ နစ်မြုပ်သွားခဲ့ပြီး တိရစ္ဆာန် ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့အတူ ဆူဇက်ဒေသရှိ ကျေးရွာနှစ်ရွာတွင်လည်း အိမ်ခြေ ၆၀၆ အိမ်နှင့် လူမှုစောင့်ရှောက်မှု အဆောက်အအုံ ၁၀ လုံး ရေနစ်မြုပ် သွားခဲ့ပြီး လူ ၁၀၆၃ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ကာဂျစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ နာယန်နယ်မြေအတွင်း၌ မြေပြိုမှုကြောင့် လမ်းအမြောက်အမြား ပျက်စီးသွားခဲ့သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် လူနေအဆောက်အအုံပြိုကျ၊ ၅၃ ဦး သေဆုံး

**ချန်းရှား မေ ၆**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် အတည်ပြု သေဆုံးသူ စုစုပေါင်း ၅၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မေ ၆ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို နံနက် ၃ နာရီ ၀၃ မိနစ်တွင် အဆုံးသတ်ခဲ့ပြီး လူ၁၀ ဦး ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။



လူနေအဆောက်အအုံပြိုကျပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်သားများ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုများ ပေးနိုင်ရန်အတွက် ဒေသတွင်း ဆေးရုံများမှ ဒါဇင်နှင့်ချီသော ကျွမ်းကျင်သူများကို စီစဉ်ပေးထားကြောင်း သိရသည်။ အဆောက်အအုံ ပြိုကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ် သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများကို အပြစ်ပေးအရေးယူသွား မည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

တာဝန်ရှိ သူများသည် သတင်းစာ ရှင်းလင်းပွဲပြုလုပ်စဉ်တွင် ထိခိုက်သေဆုံးဒဏ်ရာရရှိသူများနှင့် မိသားစုဝင်များကို မတ်တတ်ရပ် ဦးညွတ်ကာ ဝမ်းနည်းကြောင်း ပြသခဲ့ပြီး အဆိုပါ ဖြစ်ရပ်အတွက် တောင်းပန်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ရာသီဥတုရိုက်ခတ်မှုနဲ့ ကိုဗစ်-၁၉ နှိပ်စက်မှုကြားမှာ ခရီးသွားကဏ္ဍကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေတဲ့ ကျူးဘားနိုင်ငံ

**ထွန်းကျော်**

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ရဲ့ အကျိုးသက်ရောက်မှုကြောင့် လာမယ့် ဆယ်စုနှစ်အတွင်းမှာ ပင်လယ်ကမ်းခြေ အစိတ်အပိုင်းတချို့တစ်ဝက်ဟာ ပင်လယ်ရဲ့ ဝါးမြိုနေရာယူခြင်းကို ခံရတော့မယ်ဆိုတာကို ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုမှာ အသက်ကယ်ဝန်ထမ်းတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်သူ ဒန်နီယာစီ ရိုဒရီဂုဇ်တစ်ယောက် သတိထားမိပါတယ်။

### ခရီးသွားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်

အခြေအနေသစ်တွေနဲ့ လိုက်လျောညီထွေဖြစ်ဖို့လိုကြောင်းနဲ့ ကမ်းခြေကို ဆန်းသစ်တီထွင်ဖို့လိုကြောင်း ဒန်နီယာစီ ရိုဒရီဂုဇ်က ပြောကြားထားပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးသက်ရောက်မှုနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေစဉ်အတွင်း ကျူးဘားအစိုးရဟာ ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားလျက်ရှိပါတယ်။

### သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဟာ အရေးပါ

ကုလသမဂ္ဂ ၂၀၃၀ မျှော်မှန်းလမ်းညွှန်ချက်ကို မမှိတ်မသုန်လုပ်ဆောင်သွားမယ်လို့ ကျူးဘားခရီးသွားလာရေးဝန်ကြီး ဂျူအန်ကားလို့စ်ဂါစီယာက မေ ၁၀ ရက်မှာကျင်းပမယ့် အကြိမ် (၄၀) မြောက် ကျူးဘားနိုင်ငံတကာခရီးသွားကဏ္ဍပြပွဲမတိုင်မီ ဗာရာဒီရိုမှာ ကျင်းပခဲ့တဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။ ခံနိုင်ရည်ရှိခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းများဟာ ခရီးသွားအပန်းဖြေနေရာများအတွက် မရှိမဖြစ် အရေးပါတယ်လို့ သူက ဆက်ပြောပါတယ်။

### ပဓာနကျတဲ့ ထိပ်တန်း ဦးစားပေးလုပ်ငန်းတွေဖြစ်

လတ်တလောမှာ ကျူးဘားဟာ ခရီးသွားကဏ္ဍမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှု တိုးတက်ဖို့နည်းလမ်းတွေ ချမှတ်ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ပလတ်စတစ်ညစ်ညမ်းမှုများကို လျှော့ချရေးနဲ့ ရေစီမံခန့်ခွဲမှုများ တိုးတက်ရေးတို့ကို လုပ်ဆောင်လျက်ရှိပါတယ်။ ကမ်းခြေတိုက်စားခြင်းကို ဖြေရှင်းဖို့၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ်ဖို့က အစိုးရအတွက် ပဓာနကျတဲ့ ထိပ်တန်းဦးစားပေးလုပ်ငန်းတွေဖြစ်တယ်လို့ ကျူးဘား သိပ္ပံ၊ နည်းပညာနဲ့ သဘာဝပတ်ဝန်းကျင်ဝန်ကြီး အယ်လ်ဘာ ရိုဆာ ပီရက်ဇ်က ပြောပါတယ်။

### မဟာဗျူဟာတစ်ရပ်

ခရီးသွားကဏ္ဍကို ကူညီထောက်ပံ့ခြင်းဟာ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကတည်းက ကျူးဘားအာဏာပိုင်တွေဟာ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းဖို့ ရည်ရွယ်ထားတဲ့ အစိုးရရဲ့ အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။



ကျူးဘားနိုင်ငံ ဟာဗားနားမြို့ရှိ မာလက်ကွန်လမ်းတွင် အမျိုးသမီးနှစ်ဦး အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။

### ကျူးဘားရဲ့ ပိုင်နက်နယ်မြေ ၁၀ ရာခိုင်နှုန်းလောက် ရေလွှမ်းနစ်မြုပ်နိုင်

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ရာစုနှစ်ကုန်ရင် ကျူးဘားရဲ့ ပိုင်နက်နယ်မြေ ၁၀ ရာခိုင်နှုန်းအထိ ရေလွှမ်းနစ်မြုပ်သွားနိုင်ပါတယ်။ ကျူးဘားထိပ်တန်း မိုးလေဝသပညာရှင် ဟိုဆေးရူဘယ်ရာက ဟာရီကိန်းရာသီဟာ နှစ်ပေါင်း အတော်ကြာကြာ မြေထဲပင်လယ်ထဲကို ဝင်ရောက်လာနိုင်တယ်လို့ ပြောထားပါတယ်။

### နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမယ်

ကမ်းရိုးတန်း ရေလွှမ်းမိုးနစ်မြုပ်မှုဖြစ်စဉ်တွေ တိုးလာနိုင်ပါတယ်။ ဒါကြောင့်ပဲ ခရီးသွားကဏ္ဍအာဏာပိုင်တွေဟာ ဘေးအန္တရာယ်တွေကြုံတွေ့နိုင်တဲ့ အခြေအနေတွေကို စီမံခန့်ခွဲနိုင်ဖို့ အာရုံစိုက်ထားရမှာပဲ ဖြစ်ပါတယ်။

ဒီနှစ်ကုန်မှာ နိုင်ငံခြားဧည့်သည် ၂ ဒသမ ၅ သန်းနီးပါးလာရောက်လည်ပတ်နိုင်ခြေရှိမှုနဲ့အတူ နိုင်ငံရဲ့စီးပွားရေးဟာ ၄ ရာခိုင်နှုန်းလောက် ဖွံ့ဖြိုးတိုးတက်လာဖို့ ကျူးဘားအစိုးရက ခန့်မှန်းထားပါတယ်။

### အရေးတကြီးဆောင်ရွက်ရမယ်

မြေထဲပင်လယ်တိုင်းပြည်များအဖွဲ့အတွင်းရေးမှူးချုပ် ရိုဒေါဖို ဆာဘွန်းက

> ❒ ကျူးဘားဟာ ခရီးသွားကဏ္ဍမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှု တိုးတက်ဖို့နည်းလမ်းတွေ ချမှတ်ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ပလတ်စတစ်ညစ်ညမ်းမှုများကို လျှော့ချရေးနဲ့ ရေစီမံခန့်ခွဲမှုများ တိုးတက်ရေးတို့ကို လုပ်ဆောင်လျက်ရှိပါတယ်။ ကမ်းခြေတိုက်စားခြင်းကို ဖြေရှင်းဖို့၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ်ဖို့က အစိုးရအတွက် ပဓာနကျတဲ့ ထိပ်တန်းဦးစားပေး လုပ်ငန်းတွေဖြစ်

ခရီးသွားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခြင်းဟာ ဒေသတွင်းမှာရှိတဲ့ သဘာဝဘေးဒုက္ခ အကျိုးသက်ရောက်မှုကို အကောင်းဆုံး ဖြေရှင်းခြင်းဖြစ်တယ်လို့ ပြောကြားထားပါတယ်။

ရာသီဥတုပြောင်းလဲခြင်းဟာ ဒေသတွင်း ခရီးသွားကဏ္ဍကို အဓိကပြောင်းလဲစေတဲ့ အကြောင်းတစ်ခု ဖြစ်တယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ထိန်းသိမ်းခြင်းကို လက်ရှိမှာ အရေးတကြီးဆောင်ရွက်သွားရမှာဖြစ်တယ်လို့ သူက ပြောပါတယ်။

### အရေးပါတဲ့လုပ်ငန်းတစ်ခု

တခြားကမ္ဘာ့နိုင်ငံတွေလိုပဲ ကျူးဘားဟာ သူ့ရဲ့ ကိုဗစ်-၁၉ အလွန်ကာလမှာ ခရီးသွားကဏ္ဍကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လျက်ရှိပါတယ်။ ခရီးသွားကဏ္ဍဟာ နိုင်ငံအတော်များများအတွက် အဓိကအားထားရတဲ့ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ လုပ်ငန်းတစ်ခုဆိုရင်လည်း မှားမယ်မထင်ပါဘူး။

### စီးပွားရေးတွေ ထိခိုက်နစ်နာခဲ့

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့ကာလမှာ နိုင်ငံအတော်များများဟာ စီးပွားရေးထိခိုက်နစ်နာမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့အတွက် နိုင်ငံအတော်များများဟာ ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်ချက်တွေ ချမှတ်ဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုမျိုးဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့် နိုင်ငံအတော်များများရဲ့ စီးပွားရေးတွေ ထိခိုက်ခဲ့ပါတယ်။ အထူးသဖြင့် ခရီးသွားကဏ္ဍကို ထိခိုက်ခဲ့ပါတယ်။ အဲဒီထဲမှာ ကျူးဘားနိုင်ငံလည်း အပါအဝင်ဖြစ်ခဲ့ပါတယ်။

### မျှော်လင့်လျက်ရှိ

အခုဆိုရင်တော့ ကျူးဘားနိုင်ငံဟာ ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံစီးပွားရေးကို ပြန်လည်နာလန်ထူအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဒီနှစ်ကုန်မှာ နိုင်ငံတကာခရီးသွားတွေ သန်းနဲ့ချီလာရောက်ဖို့ကိုလည်း ကျူးဘားက မျှော်လင့်လျက်ရှိပါတယ်။

**ကိုးကား - ဆင်ဟွာ**

## မေ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၀၉,၂၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၁၇) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၉၂၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃၇) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၆) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၁၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၂၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၆၁၁) ခု | (၄၀) ဦး |
| စုစုပေါင်း | (၁၀,၉၀၀) ခု | (၅၂) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၆-၅ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၄၃၇၁၅၈ | ၈၀၈၇၂၁၂၂ | ၁၀၂၃၉၀၈ |
| ၂။ | အိန္ဒိယ | ၄၃၀၉၄၅၄၈ | ၄၂၅၄၇၆၉၉ | ၅၂၃၉၇၅ |
| ၃။ | ဘရာဇီး | ၃၀၅၂၄၁၈၃ | ၂၉၆၀၉၀၉၄ | ၆၆၃၉၆၇ |
| ၄။ | ပြင်သစ် | ၂၈၈၄၉၉၁၅ | ၂၇၄၂၆၂၉၃ | ၁၄၆၄၉၈ |
| ၅။ | ဂျာမနီ | ၂၅၂၀၃၅၆၄ | ၂၃၁၃၅၅၀၀ | ၁၃၆၅၆၄ |
| ၆။ | ဗြိတိန် | ၂၂၁၀၂၉၈၃ | ၂၁၄၂၈၄၄၀ | ၁၇၅၉၈၄ |
| ၇။ | ရုရှား | ၁၈၂၁၆၇၁၉ | ၁၇၅၈၈၀၆၇ | ၃၇၆၆၉၆ |
| ၈။ | တောင်ကိုရီးယား | ၁၇၄၆၄၇၈၂ | စိစစ်ဆဲ | ၂၃၂၀၆ |
| ၉။ | အီတလီ | ၁၆၆၈၂၆၂၆ | ၁၅၃၅၃၃၂၃ | ၁၆၄၁၇၉ |
| ၁၀။ | တူရကီ | ၁၅၀၃၈၄၉၅ | ၁၄၉၃၅၈၁၁ | ၉၈၈၁၉ |

### ၆-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၇၀၅၇၀ | ၉၃၁၆၂၃၇ | ၄၃၀၅၅ |
| အင်ဒိုနီးရှား | ၆၀၄၇၉၈၆ | ၅၈၈၅၀၉၉ | ၁၅၆၃၅၇ |
| မလေးရှား | ၄၄၅၄၁၁၃ | ၄၃၉၁၀၉၀ | ၃၅၅၆၉ |
| ထိုင်း | ၄၃၀၈၃၁၉ | ၄၁၈၁၆၇၁ | ၂၈၉၇၉ |
| ဖိလစ်ပိုင် | ၃၆၈၆၆၉၃ | ၃၆၂၁၇၃၇ | ၆၀၄၃၉ |
| စင်ကာပူ | ၁၂၀၈၉၁၇ | ၁၁၄၅၅၇၆ | ၁၃၄၄ |
| မြန်မာ | ၆၁၃၀၁၇ | ၅၉၁၉၂၈ | ၁၉၄၃၄ |
| လာအို | ၂၀၈၃၆၈ | ၂၀၇၁၈၂ | ၇၄၈ |
| ဘရူနိုင်း | ၁၄၂၄၆၅ | ၁၄၁၆၃၁ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၀ | ၁၃၃၁၇၂ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# နိုင်ငံတကာအဆင့်သို့တိုင် ထွန်းတောက်လာတော့မည့် GTI ပညာရေးနှင့် လူငယ်များအနာဂတ်

ဒေါက်တာစိုင်း
(နည်းပညာ)

**နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေဖို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။ နိုင်ငံတော်၏ စက်မှုလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့အတွက် နည်းပညာကျွမ်းကျင်သူတွေနဲ့ နည်းပညာရှင်တွေ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးဟာ အရေးကြီးလှပါတယ်။ ဒါကြောင့် နည်းပညာကျွမ်းကျင်သူတွေကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိတဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါတဲ့ ကဏ္ဍတစ်ရပ်ဖြစ်လာပါတယ်။**

### စတင်မွေးဖွား

နိုင်ငံတော်ရဲ့ GTI ပညာရေးဟာ GTI (အင်းစိန်) မှ စတင်ခဲ့ပါတယ်။ GTI (အင်းစိန်) ဟာ ၁၈၉၅ ခုနှစ် ဧပြီ ၁ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် မြို့မကျောင်းလမ်း အမှတ် (၂၉၇) မှာ Government Engineering School အဖြစ် စတင်မွေးဖွားခဲ့ပြီး နောင်အခါမှာ မြန်မာနိုင်ငံရဲ့ စက်မှုလက်မှု သိပ္ပံကျောင်း ၁၂ ကျောင်းအနက် အစောဆုံး ပေါ်ပေါက်လာခဲ့တဲ့ စက်မှုလက်မှုသိပ္ပံဖြစ်လာခဲ့ပါတယ်။

၁၉၅၀ ပြည့်နှစ်မှာ GTI (အင်းစိန်) အနေနဲ့ ဓနသဟာယအဖွဲ့ဝင်နိုင်ငံတွေက ကူညီပေးခဲ့တဲ့ ကိုလံဘိုစီမံကိန်းရဲ့ အထောက်အပံ့တွေဖြစ်တဲ့ စက်မှုလက်မှုဆိုင်ရာ အကူအညီတွေ၊ ကျွမ်းကျင်ပါရဂူတွေနဲ့ ငွေကြေးအကူအညီတွေရရှိခဲ့ပြီး အင်းစိန်ဂျီတီအိုင်က ဆရာ ဆရာမတွေကို ပြည်ပနိုင်ငံတွေဆီ စေလွှတ်ပြီး သင်ကြား၊ သင်ယူမှုဆိုင်ရာ အရည်အသွေးမြှင့်တင်မှုတွေနဲ့ စတင်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ၁၉၅၄ ခုနှစ်မှာ အမေရိကန်နိုင်ငံ Ford Foundation ရဲ့ အကူအညီနဲ့ William Hood Dunwoody Industrial Institute of Minneapolis U.S.A မှ စက်မှုနည်းပညာဆိုင်ရာ အကူအညီအဖြစ် နိုင်ငံခြားသားအကြံပေး ပုဂ္ဂိုလ် လေးဦး ထောက်ပံ့ရရှိခဲ့ပြီး သင်ကြား၊ စီမံကိန်းရပ်တွေအတွက် နိုင်ငံခြား ပညာတော်သင်တွေလည်း ထပ်မံစေလွှတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် GTI(အင်းစိန်) အနေနဲ့ လူမှုအကျိုးပြုတီထွင်ဖန်တီးမှုအစီအစဉ်တွေ ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အရှေ့တောင်အာရှနိုင်ငံတွေထဲက ထင်ရှားတဲ့ GTI အဖြစ် ရပ်တည်နိုင်ခဲ့တယ်။ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှာ GTI (အင်းစိန်) ကျောင်းတော်ဟာ နှစ်ပေါင်း (၁၂၅)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

GTI (အင်းစိန်)က အစပြုပြီး မြန်မာနိုင်ငံမှာ စက်မှုလက်မှုသိပ္ပံ (မန္တလေး၊ ကလော၊ ပြည်၊ ချောက်၊ မော်လမြိုင်၊ ဟသ်ာတ၊ တောင်ငူ၊ မုံရွာ၊ မိတ္ထီလာ၊ မအူပင်၊ သန်လျင်) တွေကို ဆက်လက်ဖွင့်လှစ်သင်ကြားလေ့ကျင့်ပြီး နည်းပညာကျွမ်းကျင်သူတွေကို မွေးဖွားပေးနိုင်ခဲ့ပါတယ်။ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ အထူးလိုအပ်နေတဲ့ အရည်အသွေးမြင့်မားတဲ့ နည်းပညာရှင်တွေ၊ ကျွမ်းကျင်ပညာရှင်တွေနဲ့ ကျွမ်းကျင်လုပ်သားတွေကို မွေးထုတ်ပေးနိုင်ဖို့ ဒီလို GTI ကျောင်းတွေရဲ့ အရည်အသွေးမြင့်မားဖို့ဟာ အထူးလိုအပ်လှပါတယ်။



အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)

> “ AGTI သင်ရိုးညွှန်းတမ်းတွေ နိုင်ငံတကာအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုအနေနဲ့ Industrial ရဲ့ ကျွမ်းကျင်မှုလိုအပ်ချက်၊ အသိပညာလိုအပ်ချက်၊ အရည်အချင်းလိုအပ်ချက်တွေကို အခြေခံပြီး နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အထူးပြုဘာသာရပ်နယ်ပယ်အလိုက် သေချာစွာ ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိ ”

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ “နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပြုဖို့အတွက် ပြည်တွင်းလိုအပ်ချက်နဲ့ ကိုက်ညီ၍ ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ နည်းပညာနဲ့ သက်မွေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးဖို့” ရည်မှန်းချက်ထား ဦးတည်ဆောင်ရွက်လျက် ရှိပါတယ်။

### နှစ်စဉ်မွေးထုတ်

လက်ရှိအချိန်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ အစိုးရနည်းပညာကောလိပ် လေးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၄ ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၅ ကျောင်း၊ သက်မွေးပညာသင်တန်းကျောင်း ခြောက်ကျောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် တစ်ကျောင်း စုစုပေါင်းကျောင်း ၇၀ ဖွင့်လှစ်ပြီး AGTI ဒီပလိုမာသင်တန်းတွေ၊ GTHS Certificate သင်တန်းတွေနဲ့ ဒေသလိုအပ်ချက်အရ ဖွင့်လှစ်တဲ့ ကာလတိုသက်မွေးပညာသင်တန်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ အစိုးရစက်မှုလက်မှုသိပ္ပံတွေကနေ ထူးချွန်တဲ့ကျောင်းသားကျောင်းသူတွေကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိပြီး လေ့ကျင့်သင်ကြား မွေးထုတ်ပေးခဲ့တဲ့ A.G.T.I ဒီပလိုမာ သင်တန်းဆင်းကျောင်းသားများဟာ ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်စွာ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

ဒ့ါအပြင် GTI ကျောင်းတွေရဲ့ ကျောင်းဥပဓိရုပ်တွေ သာယာလှပကောင်းမွန်စေရေး၊ သင်ကြားသင်ယူမှုအရည်အသွေးတွေ ပိုမိုတိုးတက်စေရေး၊ ခေတ်မီသင်ထောက်ကူပစ္စည်းတွေ ဖြည့်ဆည်းနိုင်ရေး၊ သင်ရိုးညွှန်းတမ်းတွေ နိုင်ငံတကာအဆင့်မီဖြစ်စေရေး၊ အရည်အသွေးပြည့်ဝတဲ့ နည်းပညာကျွမ်းကျင်ပညာရှင်တွေမွေးထုတ်နိုင်ရေးနဲ့ ဒေသတွင်း စက်မှုလုပ်ငန်းတွေရဲ့ လိုအပ်ချက်တွေ အပြည့်အဝ ဖြည့်ဆည်းနိုင်ရေး စတာတွေကိုလည်း တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်လျက်ရှိပါတယ်။

### သင်တန်းကာလ သုံးနှစ်

GTI ကျောင်းတွေကနေ ပို့ချလျက်ရှိတဲ့ AGTI ဒီပလိုမာသင်တန်းအမျိုးအစားပေါင်း ကိုးမျိုး ရှိပါတယ်။ AGTI ဒီပလိုမာသင်တန်းကာလဟာ သုံးနှစ်ဖြစ်ပြီးတော့ သင်တန်းတွေကို စာတွေ့သင်ခန်းစာ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့သင်ခန်းစာ ၆၀ ရာခိုင်နှုန်းနဲ့ သင်ကြားပို့ချပေးလျက် ရှိပါတယ်။ သင်တန်းကာလ သုံးနှစ် တက်ရောက်ပြီးစီးပါက ကျောင်းသားကျောင်းသူတွေအနေနဲ့ မိမိတို့ အထူးပြုတဲ့ သင်တန်းနဲ့ ဆက်နွှယ်တဲ့ စက်မှုလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လက်တွေ့လုပ်ငန်းခွင် (Internship) ကာလ သုံးလကြာ ဝင်ရောက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီလို သင်တန်းကာလ သုံးနှစ်အတွင်း World Youth Skills Day ကဲ့သို့ နိုင်ငံတကာအထိမ်းအမှတ်နေ့တွေမှာ သတ်မှတ်ထားတဲ့ GTI တွေမှာ Skills Competition and Innovation Award ပြိုင်ပွဲတွေ ကျင်းပပြုလုပ်စေပြီး ကျောင်းသား ကျောင်းသူတွေရဲ့ ဘာသာရပ်ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ အဖွဲ့လိုက်ဆောင်ရွက်တတ်မှု၊ စီမံခန့်ခွဲမှု၊ သတင်းအချက်အလက် နည်းပညာနဲ့ ဒစ်ဂျစ်တယ်စွမ်းရည်တွေ အသုံးချနိုင်မှု စတဲ့အရည်အချင်းတွေကို ဖော်ထုတ်ပြသယှဉ်ပြိုင်ခွင့်ရရှိနိုင်မှာ ဖြစ်ပါတယ်။

### နိုင်ငံတကာအဆင့်မီရေး

AGTI သင်ရိုးညွှန်းတမ်းတွေ နိုင်ငံတကာအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုအနေနဲ့ Industrial ရဲ့ ကျွမ်းကျင်မှုလိုအပ်ချက်၊ အသိပညာလိုအပ်ချက်၊ အရည်အချင်းလိုအပ်ချက်တွေကို အခြေခံပြီး နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အထူးပြုဘာသာရပ်နယ်ပယ်အလိုက် သေချာစွာ ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံတွေက TVET သင်တန်းကျောင်းတွေမှာ သင်ကြားပို့ချလျက်ရှိတဲ့ *စာမျက်နှာ ၁၇ သို့*



အီလက်ထရွန်နစ်အင်ဂျင်နီယာကျောင်းသားများ လက်တွေ့ပြုလုပ်နေပုံ



စက်မှုအင်ဂျင်နီယာ ကျောင်းသားများ လက်တွေ့ပြုလုပ်နေပုံ



မြို့ပြအင်ဂျင်နီယာ ကျောင်းသားများ လက်တွေ့ပြုလုပ်နေပုံ

*စာမျက်နှာ ၁၆ မှ*

သင်ရိုးညွှန်းတမ်းတွေနဲ့ နှိုင်း ယှဉ်ရေးဆွဲ (Benchmarking) ဆောင်ရွက် သွားမှာဖြစ် ပါတယ်။ ရေးဆွဲ ထားတဲ့ သင်ရိုးညွှန်းတမ်းတွေအတိုင်း အမှန်တကယ် သင်ယူတတ်မြောက်မှုနဲ့ ကျွမ်းကျင်မှုတွေရှိလာအောင် ဦးစားပေး လေ့ကျင့်သင်ကြားနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ၌ Electrical Power Engineering နဲ့ Industrial Engineering၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)မှာ Electronic Engineering နဲ့ Mechanical Engineering စတဲ့ Diploma in Engineering သင်တန်းတွေကို နိုင်ငံတကာအင်ဂျင်နီယာမဟာမိတ်အဖွဲ့ရဲ့ ထင်ရှားတဲ့သဘောတူညီချက်တစ်ခုဖြစ်တဲ့ Dublin Accord ပါ စံသတ်မှတ်ချက်တွေနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ (MEC) က သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေနဲ့ အညီ အရည်အသွေးအာမခံမှုအား အသိအမှတ်ပြုမှုရရှိရေး လျာထား ဆောင်ရွက်လျက်ရှိပါတယ်။

GTI တွေမှာ ပို့ချလျက်ရှိတဲ့ A.G.T.I ဒီပလိုမာသင်တန်းတွေကို Dublin Accord ပါ စံသတ်မှတ်ချက်တွေနဲ့အညီ အသိအမှတ်ပြုမှုရရှိပြီးပါက GTI ကျောင်းဆင်းတွေအနေနဲ့ အင်ဂျင်နီယာနည်းပညာကျွမ်းကျင်ပညာရှင်တွေရဲ့ ဂုဏ်ရည်(၁၁)ရပ်ဖြစ်သည့် (၁) အင်ဂျင်နီယာအသိပညာဗဟုသုတ၊ (၂) ပြဿနာခွဲခြမ်းစိတ်ဖြာခြင်း၊ (၃) ဒီဇိုင်းရေးဆွဲခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ခြင်း၊ (၄) စုံစမ်းစစ်ဆေးခြင်း၊ (၅) ခေတ်မီကိရိယာတွေအသုံးပြုခြင်း၊ (၆) အင်ဂျင်နီယာနဲ့ ကမ္ဘာ၊ (၇) ကျင့်ဝတ်၊ (၈) တစ်ဦးချင်းနဲ့ အဖွဲ့လိုက် ဆောင်ရွက်ခြင်း၊ (၉) ဆက်သွယ်ခြင်း၊ (၁၀) စီမံကိန်းစီမံခန့်ခွဲမှုနဲ့ ဘဏ္ဍာရေး၊ (၁၁) ဘဝတစ်သက်တာ သင်ယူခြင်းတို့နဲ့ ပြည့်စုံလာစေမည် ဖြစ်ပါတယ်။ Dublin Accord အဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြတဲ့ ဩစတြေးလျနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ တောင်အာဖရိက၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ မလေးရှားနိုင်ငံ စတဲ့ နိုင်ငံတွေရဲ့ အင်ဂျင်နီယာဒီပလိုမာတွေနဲ့ တန်းတူအဆင့်မီ ဒီပလိုမာတွေ ပေးအပ်ချီးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။




အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)

❒ **အရည်အသွေးပြည့်ဝတဲ့ GTI ပညာရေးအတွက် နိုင်ငံတကာ အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြားရေးဆရာတွေရဲ့ သင်ကြားသင်ယူမှုအရည်အသွေးတွေ၊ ခေတ်မီသင်ထောက်ကူပစ္စည်းတွေ၊ ကောင်းမွန်တဲ့ အလုပ်ရုံနဲ့ စာသင်ခန်းတွေ၊ စက်မှုလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ အခရာကျ**

ဒါ့အပြင် AGTI ဒီပလိုမာသင်တန်းဆင်းတွေအနေနဲ့ ကမ္ဘာ့နိုင်ငံအတော်များများကို အင်ဂျင်နီယာကျွမ်းကျင်အဆင့်ဆိုင်ရာ အလုပ်အကိုင်တွေ လွယ်ကူစွာသွားရောက်လုပ်ကိုင်နိုင်မှာ ဖြစ်သလို AGTI ဒီပလိုမာသင်တန်းတက်ရောက်ဆဲ ကျောင်းသားတွေအနေနဲ့ နိုင်ငံတကာကျောင်းတွေမှာ Credit Transfer ပုံစံနဲ့ သက်ဆိုင်ရာ နိုင်ငံခြားကျောင်းတွေရဲ့ တူညီတဲ့ သတ်မှတ်အဆင့်တွေကနေ တစ်ဆင့် တိုက်ရိုက်ဆက်လက် တက်ရောက်ခွင့်တွေ ရရှိနိုင်တော့မှာ ဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ ကနဦးအစီအစဉ်တစ်ရပ်အဖြစ် ရွေးချယ်ထားတဲ့ GTI ကျောင်းတွေနဲ့ အာဆီယံဒေသတွင်းရှိ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေချိတ်ဆက်ပြီး လေ့လာရေးအစီအစဉ်တွေ၊ သင်ကြားသင်ယူမှုအစီအစဉ်တွေ ပူးပေါင်းဆောင်ရွက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ကြောင့် အနာဂတ်မှာ နိုင်ငံအတွင်းရှိ GTI ကျောင်းတွေက ကျောင်းသူကျောင်းသားတွေ၊ သင်ကြားရေးဆရာဆရာမတွေအနေနဲ့ အာဆီယံဒေသတွင်းရှိ သတ်မှတ်ထားတဲ့ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေမှာ လေ့လာရေးအစီအစဉ်တွေ သွားရောက်လေ့လာနိုင်ခြင်း၊ စာတမ်းဖတ်ပွဲတွေနဲ့ အလုပ်ရုံအစည်းအဝေးတွေ တက်ရောက်နိုင်ခြင်းစတာတွေ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

### ဗဟုသုတတွေဖလှယ်နိုင်ရေး

အလားတူ အာဆီယံဒေသတွင်းရှိ သတ်မှတ်ထားတဲ့ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေက ကျောင်းသူကျောင်းသားတွေ၊ သင်ကြားရေးဆရာဆရာမတွေအနေနဲ့လည်း မြန်မာနိုင်ငံမှာရှိတဲ့ သတ်မှတ်ထားတဲ့ GTI ကျောင်းတွေမှာ လေ့လာရေးလုပ်ငန်းတွေ၊ သင်ကြားသင်ယူမှုအထောက်ကူပြု လုပ်ငန်းတွေနဲ့ အသိပညာဗဟုသုတတွေ ဖလှယ်နိုင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

AGTI ဒီပလိုမာ သုံးနှစ် သင်တန်းအောင်မြင်စွာပြီးဆုံးရင် သင်တန်းဆင်းတွေအနေနဲ့ နိုင်ငံအတွင်းမှာရှိတဲ့ စက်မှုနဲ့စီးပွားရေးလုပ်ငန်းတွေမှာ Supervisory Level သို့မဟုတ် Technician Level အဆင့်နဲ့ အင်ဂျင်နီယာကျွမ်းကျင်ပညာရှင်အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့ရဲ့ ပညာရည်ထူးချွန်မှုအလျောက် နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်တွေက ပို့ချလျက်ရှိတဲ့ အင်ဂျင်နီယာဘွဲ့ (B.E) သင်တန်းတွေနဲ့ အစိုးရနည်းပညာကောလိပ်တွေမှာ မကြာခင်ဖွင့်လှစ်တော့မယ့် အင်ဂျင်နီယာနည်းပညာဘွဲ့ (B.Tech) သင်တန်းတွေကို ကျောင်းတွေက သတ်မှတ်ထားတဲ့ ဝင်ခွင့်စံသတ်မှတ်ချက်တွေနဲ့ ပြည့်မီပါက ဆက်လက် တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။




လျှပ်စစ်စွမ်းအားအင်ဂျင်နီယာကျောင်းသားများ လက်တွေ့ပြုလုပ်နေပုံ

နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒေသတွင်းစက်မှုနဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျတဲ့ကဏ္ဍကနေ ပါဝင်နေသလို ဒီစက်မှုနဲ့ စီးပွားရေးလုပ်ငန်းတွေ ရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ဆိုတာ နည်းပညာကျွမ်းကျင်သူနဲ့ နည်းပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်လေ့ကျင့်ပေးတဲ့ GTI ပညာရေးဟာ များစွာအရေးပါလျက်ရှိပါတယ်။ အရည်အသွေးပြည့်ဝတဲ့ GTI ပညာရေးအတွက် နိုင်ငံတကာအသိအမှတ်ပြု သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြားရေးဆရာတွေရဲ့ သင်ကြားသင်ယူမှုအရည်အသွေးတွေ၊ ခေတ်မီသင်ထောက်ကူပစ္စည်းတွေ၊ ကောင်းမွန်တဲ့ အလုပ်ရုံနဲ့ စာသင်ခန်းတွေ၊ စက်မှုလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ အခရာကျလှပါတယ်။

### အစဉ်ထွန်းတောက်လာတော့မှာ

ဒါ့ကြောင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ GTI ပညာရေးအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ဖို့အတွက် အာဆီယံဒေသတွင်း နိုင်ငံတွေမှာရှိတဲ့ နည်းပညာကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေနဲ့လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ GTI တွေမှာ တက်ရောက်ပညာသင်ယူမယ့် AGTI ဒီပလိုမာ ကျောင်းသား ကျောင်းသူတွေရဲ့ အနာဂတ်ဟာ မိမိတို့ ဒေသတွင်းသာမက နိုင်ငံတကာအဆင့်သို့တိုင် အစဉ်ထွန်းတောက်လာတော့မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင် မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ သန်းလွင်(ခ) ဒါရိုက်တာမောင်သီသည် ၎င်းအသုံးပြုသည့် “U Thi” Face book အကောင့်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ မေမွန်မြတ်သူသည် ၎င်းအသုံးပြုသည့် “May Mon Myat Thu” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ တာကောက်ကျေးရွာနေ သာဒွေးသည် ၎င်းအသုံးပြုသည့် “Thar Dwe” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၀)ရပ်ကွက်နေ ဇော်မင်းဦးသည် ၎င်းအသုံးပြုသည့် “Zaw Min Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက်နေ ဖြိုးမင်းထွန်း (ခ) ကိုဖြိုး (ဘ) ဦးဇော်မင်းထွန်း၊ ကိုလတ်နှင့် ဖိုးသားတို့ သုံးဦးသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်အတွင်း အဆိုပါမြို့နယ်အတွင်း၌ ပြုလုပ်သော ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ် ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်တွင် အမှတ်(၉)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးဟောင်း တစ်ဦးအား ဒလန်အဖြစ် စွပ်စွဲလုပ်ကြံသတ်ဖြတ်ရာတွင် အားပေးကူညီခြင်းနှင့် အမှတ်(၁၈)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့်ပစ်ခတ်ပြီး ရုံးအဖွဲ့ဝင်များအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ရာတွင် ပါဝင်ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ– ၅၄ အရ ၂၀၂၂ ခုနှစ်၊ မေ ၅ ရက်တွင် “သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**ထောင်ဒဏ်တစ်သက်**

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁)ရပ်ကွက်နေ ဇော်ဇော်ထွန်း (ခ)ဇော်ကြီး(ဘ) ဦးမော်ဇင်နှင့် (၃၂) ရပ်ကွက်နေ မင်းစစ်သွေး(ခ)ICE (ဘ) ဦးမြင့်ဦးတို့သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်တွင် သမိုင်းလမ်းဆုံ City Mart အနီးရှိ ယာဉ်ထိန်းရုံးအား မိုင်းထောင်ဖောက်ခွဲရာ၌ အားပေး ကူညီခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) အရ ၂၀၂၂ ခုနှစ်၊ မေ ၅ ရက်တွင် “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၄ အမှုမှ တရားခံ ဖြိုးမင်းထွန်း (ခ) ကိုဖြိုး။





အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) အမှုမှ တရားခံ ဇော်ဇော်ထွန်း(ခ) ဇော်ကြီးနှင့် မင်းစစ်သွေး(ခ)ICE (ဝဲမှယာ)။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**အရေးယူဆောင်ရွက်**

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲ ထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၅-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၄၀** ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း' (အမျိုးသားပြတိုက်)
**၁၀:၃၀** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
**၁၃:၃၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'စဉ်းစားဆင်ခြင်ဉာဏ်နဲ့ယှဉ်'
**၁၇:၂၀** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၃၅** အနုပညာအသိုက်အမြုံ ရွှေညာမြေကရုပ်စုံ
**၁၇:၅၀** Raod to 31st SEA Games Vietnam
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သိရှိဖွယ်ရာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **သုဝဏ္ဏသာမဇာတ်တော်ကြီး** (မန်းသိင်္ဂီရုပ်စုံသဘင်)

**mitv**

**07:00** Evergreen Classic: Zambudipar (Shwe Yee Win)
**07:07** Weekly Review
**07:23** Myanmar Traditional Snacks: Shwe Hta Min
**07:28** Myanmar Designer Studio: Dr. Thazin Khin
**07:44** Quiz Time (Ep-9)
**09:01** News
**09:26** Global Partnership for Brighter Future: Chile Pavilion at Expo 2020 Dubai
**09:35** Nga Laik Dam & Nga Laik Kan Tha Eco Resort
**09:45** Inlay Traditional Lotus Fabric
**10:02** Egg Shell
**10:27** Atuladhipati Mahamunisacca Koe Htat Kyee Pagoda

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကိုယ်တိုင်မိတ်ကပ် လိမ်းခြယ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
သွားလည်ကြမည် ဇင်းကျိုက်ရေတံခွန်ဆီ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လေးရှင်းတောင် မီးပြတိုက်ဟောင်း
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ညှော်သည်လာရင်ပြန်မှာစိုးရိုးသားတဲ့လူမျိုး
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝရိုးရာခေါ်ပုတ်ထောင်းနည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဗိုင်းမော်အထင်ကရနေရာသို့ သွားလည်ကြမယ်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
စိတ်ဝင်စားဖို့ရာကောင်းလေ့ထူးခြားချက်များ ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိမ်တိုက်ကြားက ဘောဂလီမြို့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၃၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တောင်းပန်ပါတယ်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** နွေနှမ်းစိုက်ပျိုးဝင်ငွေတိုး
**၀၇:၀၀** ဆေးပေါက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၃၅** ရေပုတ်သင်မွေးမြူရေး
**၀၇:၅၀** မြန်မာ့တော်ဝင်ထန်းလျက်
**၀၈:၀၀** လုပ်းလို့အရောက်လာပါ Big-M စိုက်ပျိုးရေးခြံကကြိုနေမှာ
**၀၈:၂၀** ချိုမြိန်သောဘဝများရဲ့နှင်းဆီ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ္ပင်ဆိပ်(အရှေ့)ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်ရှိ မင်းကွန်းဓမ္မရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရာကျော်ဘုရားလေး ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် မေ ၆ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၅ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၀၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၀၅၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၉၅ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၂၀ ကျပ် | ၂၂၅၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၆ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၈၇၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၃၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၄၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၈၀၀ | ၇၂၅ | ၅၆၄၈၃၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၁၂၁၃ | ၃၁၆၃၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၇၄ | ၁၂၃၂၄၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၃၆) မှာ ချန်ပီယံလိဂ် ဝင်ခွင့်အတွက် အမှားခံလို့မရတဲ့ အာဆင်နယ်က လိဒ်စ်၊ နောက်ဆုံးငါးပွဲဆက်နိုင်ပွဲရရှိထားတဲ့ လီဗာပူးက စပါးနဲ့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

# အိမ်ကွင်းမှာ ကာဆယ်ကို မန်စီးတီး အနိုင်ယူနိုင်မလား



| ပရီမီယာလိဂ်ပွဲစဉ် (၃၆) | |
|---|---|
| ၇-၅-၂၀၂၂ | စနေနေ့ |
| ဘရန့်ဖို့ဒ်-ဆောက်သမ်တန် | ည၈း၃၀ |
| ဘန်လေ - ဗီလာ | ည ၈း၃၀ |
| ချယ်ဆီး - ဝုဖ် | ည ၈း၃၀ |
| ပဲလေ့စ် - ဝက်ဖို့ဒ် | ည ၈း၃၀ |
| ဘရိုက်တန်-မန်ယူ | ည ၁၁း၀၀ |
| လီဗာပူး - စပါး | နံနက် ၁း၁၅ |
| ၈-၅-၂၀၂၂ | တနင်္ဂနွေနေ့ |
| အာဆင်နယ်-လိဒ်စ် | ည ၇း၃၀ |
| လက်စတာ-အဲဗာတန် | ည ၇း၃၀ |
| နော့ဝှစ်ချ်-ဝက်စ်ဟမ်း | ည ၇း၃၀ |
| မန်စီးတီး-ကာဆယ် | ည ၁၀း၀၀ |

| မန်စီးတီး၏ ငါးပွဲရလဒ် | | |
|---|---|---|
| မန်စီးတီး | ၃-၀ | ဘရိုက်တန် |
| မန်စီးတီး | ၅-၁ | ဝက်ဖို့ဒ် |
| မန်စီးတီး | ၄-၃ | ရီးရဲမက်ဒရစ် |
| လိဒ်စ် | ၀-၄ | မန်စီးတီး |
| ရီးရဲမက်ဒရစ် | ၃-၁ | မန်စီးတီး |

| ကာဆယ်၏ ငါးပွဲရလဒ် | | |
|---|---|---|
| ကာဆယ် | ၁-၀ | ဝုဖ် |
| ကာဆယ် | ၂-၁ | လက်စတာ |
| ကာဆယ် | ၁-၀ | ပဲလေ့စ် |
| နော့ဝှစ်ချ် | ၀-၃ | ကာဆယ် |
| ကာဆယ် | ၀-၁ | လီဗာပူး |

## မန်စီးတီး VS ကာဆယ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ကာဆယ် ၀-၄ မန်စီးတီး

မန်စီးတီးအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ဖို့ အာရုံစိုက်ကစားလာမှာပါ။ ကာဆယ်က ပြီးခဲ့တဲ့ပွဲမှာ ရှုံးနိမ့်ထားတာကြောင့် နိုင်ပွဲရရှိဖို့ကြိုးစားလာမှာပါ။ မန်စီးတီးအသင်း ခက်ခက်ခဲခဲကစားပြီး နိုင်ပွဲရမယ်။

## လက်စတာ VS အဲဗာတန်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု အဲဗာတန် ၁-၁ လက်စတာ

တန်းဆင်းဇုန်အတွင်းက ရုန်းထွက်ဖို့ကြိုးစားမယ့် အဲဗာတန်ကို နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ လက်စတာအသင်း နိုင်ပွဲရဖို့ ခက်မယ်။ မည်သို့ပင်ဆိုစေ လက်စတာအသင်းထက် အဲဗာတန်အသင်း နိုင်ပွဲရမယ်။

## အာဆင်နယ် VS လိဒ်စ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု လိဒ်စ် ၁-၄ အာဆင်နယ်

အာဆင်နယ်က နောက်ဆုံးကစားခဲ့တဲ့ ချယ်ဆီး၊ မန်ယူ၊ ဝက်စ်ဟမ်း အသင်းတွေကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် ခြေစွမ်းထက်မြက်နေတယ်။ အသင်းကြီးနဲ့တွေ့တိုင်း ဂိုးပြတ်ရှုံးနိမ့်လေ့ရှိတဲ့ လိဒ်စ်အနေနဲ့ ယခုပွဲစဉ်မှာ အမြင့်ဆုံး သရေရမယ်။

## ဘန်လေ VS ဗီလာ

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘန်လေ ၃-၂ ဗီလာ

သုံးပွဲဆက်နိုင်ပွဲနဲ့အတူ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ ဘန်လေအတွက် ကစားရခက်ခဲနိုင်တယ်။ ဗီလာက ပြီးခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းကျဆင်းနေတယ်။ ဗီလာအသင်း နိုင်ပွဲရရှိရေး အာရုံစိုက်လာမှာဖြစ်ပေမယ့် ဘန်လေအသင်း နိုင်ပွဲရရှိမယ်။

## လီဗာပူး VS စပါး

နောက်ဆုံးအကြိမ်တွေ့ဆုံမှု စပါး ၂-၂ လီဗာပူး

လီဗာပူးရော စပါးအသင်းပါ အမှားခံလို့ မရတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမယ့် စပါးအသင်းထက် ဦးဆောင်သူ မန်စီးတီးကို ထက်ကြပ်မကွာဖိအားပေးဖို့ ကြိုးစားလာမယ့် လီဗာပူးအသင်း ကပ်နိုင်မယ်။

## ပဲလေ့စ် VS ဝက်ဖို့ဒ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝက်ဖို့ဒ် ၁-၄ ပဲလေ့စ်

ရမှတ်လိုအပ်ချက်အရ ဝက်ဖို့ဒ်အသင်းအနေနဲ့ ယခုပွဲစဉ်မှာ ပဲလေ့စ်အသင်းကို မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ငါးပွဲမှာ ငါးပွဲစလုံးရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေတယ်။ ဝက်ဖို့ဒ်အသင်းထက် ပဲလေ့စ်အသင်း နိုင်ဖွယ်ရာရှိတယ်။

## ဘရိုက်တန် VS မန်ယူ

နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်ယူ ၂-၀ ဘရိုက်တန်

မန်ယူက အဆင့် (၄) အတွင်းဝင်ဖို့ မျှော်လင့်ချက်မေးမှိန်သွားခဲ့ရပြီဆိုပေမယ့် နိုင်ပွဲရရှိရေး ပြင်ဆင်လာမှာပါ။ ဘရိုက်တန်ကလည်း ရလဒ်ကောင်းရရှိရေးကြိုးစားလာမှာပါ။ မန်ယူအသင်း ကစားရခက်ခဲပြီး နိုင်ဖွယ်ရာရှိတယ်။

## ချယ်ဆီး VS ဝုဖ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝုဖ် ၀-၀ ချယ်ဆီး

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ချယ်ဆီးအသင်းအနေနဲ့ နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာမှာဖြစ်သလို သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ထားတဲ့ ဝုဖ်အသင်းကလည်း နိုင်ပွဲပြန်လည်ရှာတွေ့နိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဝုဖ်အသင်းထက် ချယ်ဆီးအသင်း နိုင်ပွဲရမယ်။

## သတင်းတိုများ



- အမ်ဘတ်ပီသည် ပီအက်စ်ဂျီအသင်း၌ နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။
- အဲဗာတန်အသင်းသည် နွေရာသီတွင် အသင်းကို ပြန်လည်တည်ဆောက်ရန်အတွက် ဂိုးသမား ပစ်ဖို့ဒ်ကို ရောင်းချသွားရန် ပြင်ဆင်နေသည်။
- ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့တွင် ဖရန့်ဖတ်က ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့သည်။
- ကွန်ဖရန့်လိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ရိုးမားက လက်စတာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့သည်။
- မန်ယူအသင်းမှ ဘိုင်လီနှင့် ဖီးဂျုံးစ်တို့သည် နွေရာသီတွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း အသင်းဖော်များကို ပြောကြားလိုက်သည်။

# ဖလားလေးလုံးမျှော်လင့်ချက်နဲ့ လီဗာပူး ရဲ့ လက်ကျန်ခရီးလမ်း

၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ပြီးဆုံးဖို့ နီးကပ်လာတာနဲ့အမျှ ဖလားဆွတ်ခူးဖို့ တစ်ထစ်ချင်းစုဖွဲ့မှုအား ကောင်းကောင်းနဲ့ ချဉ်းကပ်နေတဲ့အသင်းကို ပြပါဆိုရင် လီဗာပူးအသင်းကိုသာ ပြရမှာပါ။ လီဗာပူးအသင်းအနေနဲ့ ဒီရာသီမှာ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ကာရာဘောင်ဖလား (လိဂ်ဖလား) တို့ကို ဆွတ်ခူးဖို့ အခွင့်အရေးကောင်းပိုင်ဆိုင်ထားတဲ့ တစ်ခုတည်းသောအသင်းအဖြစ် ရှိနေတာပါ။

### လက်တစ်ကမ်းအလို ရောက်လာ

ကလော့ပ်ရဲ့ လီဗာပူးအသင်းဟာ ဖေဖော်ဝါရီလမှာ ချယ်ဆီးကို အနိုင်ယူပြီး ကာရာဘောင်ဖလား ဆွတ်ခူးထားတယ်။ ပရီမီယာလိဂ်မှာ ဖလားဆွတ်ခူးဖို့ အခွင့်အရေးရှိနေသလို ချန်ပီယံလိဂ်နဲ့ အက်ဖ်အေဖလားမှာလည်း ဖလားဆွတ်ခူးဖို့ လက်တစ်ကမ်းအလိုကို ရောက်လာပြီ ဖြစ်တယ်။ လီဗာပူးအသင်းအနေနဲ့ ပြည်တွင်းအဓိကဖလားသုံးလုံးနဲ့ ချန်ပီယံလိဂ်ဖလားစတဲ့ အဆိုပါ ဖလားလေးလုံးသာ ဆွတ်ခူးနိုင်ခဲ့ရင် အင်္ဂလန်မှာ ဖလားလေးလုံး ဆွတ်ခူးနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းသစ်ရေးထိုးနိုင်မှာ ဖြစ်တယ်။

မန်စီးတီးအသင်းဟာ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ကွန်မြူနတီဒိုင်းအပါအဝင် ဖလားလေးလုံးဆွတ်ခူးနိုင်ခဲ့ပေမယ့် ချန်ပီယံလိဂ်တော့ မဆွတ်ခူးနိုင်ခဲ့ဘူး။ မန်ယူအသင်းအနေနဲ့လည်း ၁၉၉၈-၁၉၉၉ ခုနှစ်မှာ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ပရီမီယာလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပေမယ့် ကာရာဘောင်ဖလားပြိုင်ပွဲပဉ္စမအဆင့်မှာ ထွက်ခွာခဲ့ရတာကြောင့် ဖလားလေးလုံးမဆွတ်ခူးနိုင်ခဲ့ဘူး။ ဒါကြောင့်လီဗာပူးအသင်းအနေနဲ့ အဆိုပါဖလားလေးလုံးကို ဆွတ်ခူးပြီး မှတ်တမ်းရေးထိုးဖို့ အခွင့်အရေးရှိနေခြင်း ဖြစ်တယ်။

### အက်ဖ်အေဖလား

ဒီရာသီမှာ ဒုတိယမြောက်ဖလားဆွတ်ခူးနိုင်ဖို့ လီဗာပူးအသင်းအနေနဲ့ မေ ၁၄ ရက်မှာ အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် ချယ်ဆီးအသင်းနဲ့ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်သွားဖို့ ရှိတယ်။ ဒါဟာ ချယ်ဆီးနဲ့ လီဗာပူးအသင်းတို့ ဒီရာသီမှာ တွေ့ဆုံတဲ့ နှစ်ကြိမ်မြောက်ဗိုလ်လုပွဲပါ။ လီဗာပူးအသင်းအနေနဲ့ အက်ဖ်အေဖလားကို ၂၀၀၆ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားတာကြောင့် ယခုအကြိမ်မှာ နည်းပြကလော့ပ်ရဲ့ စီမံကွပ်ကဲမှုနဲ့အတူ ချယ်ဆီးကို ထပ်မံအနိုင်ယူကာ အောင်ပွဲရယူသွားနိုင်မလား စောင့်ကြည့်ရမှာပါ။

### ပရီမီယာလိဂ်

လီဗာပူးရဲ့ ပရီမီယာလိဂ်လက်ကျန် လေးပွဲကိုကြည့်ရင် စပါး၊ ဗီလာ၊ ဆောက်သမ်တန်၊ ဝုဖ်တို့ ကျန်ရှိနေတာတွေ့ရတယ်။ လီဗာပူးအသင်းဟာ ဒီရာသီမှာ ခံစစ်၊ ကွင်းလယ်၊ တိုက်စစ် နေရာစုံမှာ ယိမ်းယိုင်သွားတာမျိုး မရှိဘဲ တည်ငြိမ်ကျစ်လျစ်ပြီး တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာတာကြောင့် လက်ကျန်ပွဲစဉ်တွေမှာသာ နိုင်ပွဲရယူနိုင်ခဲ့ရင် ဖလားဆွတ်ခူးနိုင်ဖွယ်ရာရှိတယ်။

### ချန်ပီယံလိဂ်

လီဗာပူးအသင်းအနေနဲ့ ချန်ပီယံလိဂ်မှာတော့ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနဲ့ မေ ၂၈ ရက်မှာ ယှဉ်ပြိုင်ကစားသွားရမှာပါ။ လီဗာပူးနဲ့ ရီးရဲမက်ဒရစ်အသင်းတို့အနေနဲ့ ၂၀၁၈ ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ တွေ့ဆုံဖူးပြီး ရီးရဲမက်ဒရစ်အသင်းက ဘင်ဇီမာ၊ ဘေးလ်တို့ရဲ့ သွင်းဂိုးတွေနဲ့အတူ သုံးဂိုး- တစ်ဂိုးနဲ့ အနိုင်ရရှိပြီး ဖလားဆွတ်ခူးထားတယ်။ မည်သို့ပင်ဆိုစေ နည်းပြ ကလော့ပ်ရဲ့ ဦးဆောင်မှုအောက်မှာ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းလျော့ရဲသွားတာမျိုးမရှိသလို ပုံမှန်ခြေစွမ်းအောက် ရောက်သွားတာမျိုးလည်းမရှိတာကြောင့် ယခုအကြိမ် ဗိုလ်လုပွဲမှာ အာရုံစိုက်ကစားရင် ဖလားဆွတ်ခူးနိုင်မှာ သေချာပါတယ်။

ဒါကြောင့် လီဗာပူးအသင်းရဲ့ လက်ကျန်ခရီးလမ်းဟာ မဖြောင့်ဖြူးဘူးဆိုပေမယ့် မကောက်ကွေ့တာကြောင့် ဖလားလေးလုံးဆွတ်ခူးပြီး မှတ်တမ်းသစ်ရေးထိုးသွားနိုင်မလားဆိုတာ. . .။

■ မိုးဇက် - စုစည်းသည်

## ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် မေ ၆**

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် စစ်တွေ မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက စစ်တွေမြို့ရှိ ဗန္ဓုလခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံဆေးအဖွဲ့များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးရာ တိုင်းမှူးက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူရန် လိုအပ်သူများအား စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက် ဆေးကုသနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြု ရန်ပုံငွေဖြင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာ(၃၁) လုံးဆောက်လုပ်ရန် အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာ ပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့် လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါရောင်းချမည့်ရက် - ၉-၅-၂၀၂၂ရက်

၄။ တင်ဒါဖွင့်ဖောက်မည့်ရက်/ အချိန် - ၃၀-၅-၂၀၂၂ရက်၊ နံနက် ၉နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၈၃၀၇၅၃၉**

## အကျဉ်းဦးစီးဌာန၊ တည်ဆောက်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါ အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၇-၅-၂၀၂၂ရက်မှစတင်၍ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် တည်ဆောက် ရေးလုပ်ငန်းများအတွက် ၁၃-၅-၂၀၂၂ရက် ၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံးအစည်း အဝေးခန်းမတွင် တင်သွင်းရမည်ဖြစ်ပြီး ဈေးနှုန်းဖွင့်ဖောက်ခြင်းအစီအစဉ်ကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၃။ အသေးစိတ် သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၈၃-၂၂၄၀၇၁၊ ၀၈၃-၂၂၁၀၀၉

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**
**အကျဉ်းဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၁

| | | |
|---|---|---|
| ဒေါ်မဥ္ဇူအောင် (၎င်း၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်ဇင်ဝင့်သူ) တရားလို | နှင့် | ၁။ ဦးဖေသောင်း ၂။ ဒေါ်ခင်စိန် တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗေဒါလမ်း၊ အမှတ် ၁၆၁၂နေ (၁)ဦးဖေသောင်း၊ (၂) ဒေါ်ခင်စိန် (ယခု နေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ ခုနှစ် မေ ၁၉ ရက် (၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော်၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မေ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါထွေး)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး

## ငွေဆောင်မြို့ ရေသိုးရွာ၌ ကလေးတစ်ဦး ဆင်ရိုင်းနင်း၍ သေဆုံး

**ငွေဆောင် မေ ၅**

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့ သဇင်ကျေးရွာအုပ်စု ရေသိုးရွာ ငွေဆောင်ကားလမ်း မိုင်တိုင် ၁၉ ရှိ အလှဆင်ဝိုင်း အတွင်း၌ ယမန်နေ့ ညနေပိုင်းက ဆင်ရိုင်း နင်းခြင်းကြောင့် ကလေးတစ်ဦး သေဆုံးကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ဆင်စခန်းဝန်ထမ်း ဆင်ဦးစီး ဦးဖားရဲ့ သားဖြစ်သူ မောင်ဂျိမ်း (ကိုးနှစ်) သည် ဆင်ဝိုင်းအတွင်း ဆင်များရေချိုးပြီး ချောင်းတွင်ရေခပ်ရာ ၎င်းချောင်းအနီးရှိ တောဆင်ရိုင်းက နင်းခြင်းကြောင့် သေဆုံးသွားကြောင်း သိရသည်။ ယင်း တောဆင်ရိုင်းသည် မုန်ဝင်နေခြင်းဖြစ်ပြီး အနီးအနားမှ ထွက်ခွာသွားခြင်း မရှိဘဲ လူများကို ရန်မူနေကြောင်း သိရသည်။

အောင်တင်ငွေဆောင်
(ပြန်/ဆက်)


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm


**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**


**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်-၂၄၊ မင်္ဂလာ၊ ဦးပိုင်အမှတ် (၆၁)၊ ဧရိယာ ၀.၁၁၃ ဧက ဒေါ်သီမလေး အမည်ပေါက်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေအမျိုးအစား အိမ်နှင့်မြေကွက်ကို ဒေါ်သီမလေး၏ အမွေဆက်ခံသူ ဦးကိုလတ် ၉/ပဗတ(နိုင်)၀၁၃၈၆၇ (ဒေါ်နုနုရီပါ ၅ဦး၏အထွေထွေကိုယ်စားလှယ်စာရရှိသူ) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဉ္ဇာမော် ၉/ပမန (နိုင်)၁၃၄၅၁၁သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်နေအောင် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၂)**
**ရွှေချီရပ်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၂၁၉၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/4068, Toyota BB 2N 120, , H/B (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွန်း ၁၃/ကလန(နိုင်) ၀၄၆၀၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/7183, Suzuki Ciat, S/L(4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွန်း ၁၃/ကလန(နိုင်)၀၄၆၀၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/23184, Honda Wave 110 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးခိုင်ဝင်း ၁၄/မမန(နိုင်)၁၄၀၂၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံး၊ အိမ်သုံး၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးအဖွဲ့ ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် သုံးစီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဖုန်းဆက်စပ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၄၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၅၈၈၁၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၆၁၁၂ တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၁၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့အတွင်း လိုင်စင်မဲ့ Mitsubishi Canter အမျိုးအစား ခြောက်ဘီး မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် Zongshen အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၈၀၄၂၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၃ ဆူ | ၄၉၇ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လှိုင်တော်နှင့် နေအိမ်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## (ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဝင်ဒါမီယာဝင်းအတွင်း (၄)ခန်းတွဲ (၄)ထပ် VIPဧည့်ရိပ်သာ ဆောက်လုပ်ခြင်း(4 Storey VIP Guest House) (၁၄၄၁၆စတုရန်းပေ)နှင့် ၈ခန်းတွဲ (၂)ထပ် ဧည့်ရိပ်သာ ဆောက်လုပ်ခြင်း(2 Storey Guest House)(၇၄၇၄စတုရန်းပေ) အဆောက်အအုံ (၂)လုံး တည်ဆောက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာငွေ(ကျပ်)ဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ပြည်လမ်းနှင့် အလုံလမ်းထောင့်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဝင်းအတွင်းရှိ လွှတ်တော်နှင့် နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)၊ ဖုန်း-၀၈၃၁၅၄၀၂တွင် စုံစမ်းဝယ်ယူ/ မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - | ၉-၅-၂၀၂၂ရက်မှ ၂၀-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| ၄။ | **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်/အချိန်** - | ၂၃-၅-၂၀၂၂ရက် ၁၄:၀၀နာရီအထိ |
| ၅။ | **တင်ဒါဖွင့်မည့်ရက်** - | ကြေညာပါမည် |

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Space World Teleinfra Myanmar Co.,Ltd သည် Myanmar Investment Commission မှ ချပေးသည့် ကုမ္ပဏီစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Space World Teleinfra Myanmar Co.,Ltd**
**Contact-09-787902255**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက်၊ ကွင်းအမှတ်(OSS)၊ ဟန်းတဲကွင်းပြင်၊ ဦးပိုင်(၁၁၀၅/၀.၁၁၂)၊ ဧရိယာ ၀ ဒသမ ၂၃ ဧက မြေငှားဂရန်အမည်ပေါက်သူ ဦးမောင်ဝင်းက အဆင့်ဆင့်ရောင်းချခဲ့ရာ ဒေါ်နုနုခိုင်ထံမှ ဦးမင်းဆွေက တရားဝင် ဝယ်ယူခဲ့ပြီး ဦးမင်းဆွေ ၁/ဗမန(နိုင်)၀၁၄၃၆၇ အမည်သို့ အမည်ပြောင်း မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမင်းဆွေ၊ ဗန်းမော်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/3659 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၂၉၁၄၈, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူ ၇/သကန(နိုင်)၀၉၈၇၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7883, HONDA FIT GE6, HATCH BACK ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငြိမ်းအောင် ၉/စကန(နိုင်)၀၆၂၁၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း
## အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## (ရုံးချုပ်-ရန်ကုန်မြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ပိုင်မော်တော်ယာဉ်များ၊ တာယာ အဟောင်းများ၊ ဘက်ထရီအဟောင်းများ၊ မော်တော်ယာဉ်ပစ္စည်းအဟောင်းများနှင့် သံတိုသံစများ၊ အင်ဂျင်အဟောင်းများ၊ ပရိဘောဂအဟောင်းများ၊ ရုံးသုံးပစ္စည်းအဟောင်းများ၊ ရေတိုင်ကီအဟောင်းများနှင့် မီးစက်အဟောင်းများကို လပ်ပုံများခွဲ၍ မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၉-၅-၂၀၂၂ရက်မှ၂၀-၅-၂၀၂၂ရက်အထိ ရုံးပိတ်ရက်များမှအပ-နေ့စဉ် နံနက်(၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအတွင်း |
| (ခ) | **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာ/ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | စီမံရေးဌာန၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ရုံးချုပ်)၊ အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဂ) | **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၅-၅-၂၀၂၂ရက်၊ (၁၀:၀၀)နာရီ |
| (ဃ) | **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၂၅-၅-၂၀၂၂ရက်၊ (၁၃:၀၀)နာရီ |
| (င) | **အိတ်ဖွင့်တင်ဒါကျင်းပမည့်နေရာ** | - | မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန(ရုံးချုပ်)၊ ယင်းမာခန်းမ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

၂။ အိတ်ဖွင့်တင်ဒါတွင် လပ်ပုံ(၁၇)ပုံ ရောင်းချမည်ဖြစ်ပြီး မိမိယှဉ်ပြိုင်လိုသည့် လပ်ပုံတွင်ပါဝင်သည့်ပစ္စည်းအားလုံးကို ဝယ်ယူရမည်ဖြစ်ပါသည်။ လပ်ပုံ(၁)ပုံခြင်းအလိုက် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအား သစ်တောဖက်စပ်(ရုံးချုပ်)ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၉-၄၅၂၃၆၁၁၂၊ ၀၉-၄၄၂၅၀၀၅၀တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**
**သစ်တောဖက်စပ်**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သိန်းရီ(ISN-၀၄၆၉၃၆)အမည်ဖြင့် ဂရန်အမည်ပေါက်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၆၅၈)၊ သပြေညိုလမ်း၊ (၂)ရပ်ကွက်ဟုခေါ်တွင်သာ အကျယ်အဝန်းပေ (၄၀'x၆၀')အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ် ရသေးသော ခြေရင်းဘက်အခြမ်းရှိ အကျယ်အဝန်းပေ(၂၀'x၆၀')အကျယ်ရှိ ဂရန်မိတ္တူ ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ခင်သူဇာအောင် ၁၂/မဂတ(နိုင်)၀၇၈၉၆၀မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်း၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇင်မာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၈၀)**
**အမှတ်(၁၃၃၅)၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၅၁၆၁၂၈၇၊ ၀၉-၇၉၁၇၉၆၂၈၇**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာတိုးချဲ့(၂)၊ မြေကွက်အမှတ်(၅၇၇)၊ (အလျား၄၄ပေ x အနံ ပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၆၀ဧက၊ ၂၆၄၀စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနန်းအောင် ၁၂/သကတ(နိုင်)၁၃၅၇၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မြင့်အောင် ၁၂/သကတ(နိုင်)၀၉၂၈၉၇က ထိုအိမ်ခြံမြေ၏ တန်ဖိုးငွေအားလုံးကိုပေးချေ၍ လက်ရောက်လက်ခံဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၆၅၁၁၅၁၀၅**

### ကန့်ကွက်နိုင်ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၂၀)၊ မောသီရိတိုးချဲ့(၂)၊ ဦးပိုင်အမှတ် (၁၉၈)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧကကို အမှတ်(၉၀၂)စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းနှင့် အမှတ်(၅၀၇) ခြေမြန်တပ်ရင်းကြား မြေလွတ်မြေလပ်များ နေရာချထားရေးအဖွဲ့၏ ၁၄-၁၀-၁၉၉၆ ရက် စာအမှတ် ၁၁၂/၃/ထောက် ၄ အရ ဦးစိုင်းဆွေ(ခ) ဆေဆေ ၁၃/လရန(နိုင်)၀၃၇၂၄၃ အား မြေနေရာချထားပေးခဲ့ပြီး ၃၀-၉-၂၀၂၁ ရက်တွင် ဦးစိုင်းဆွေ(ခ)ဆေဆေမှ ဒေါ်ဆူကျိရ ၁၃/လရန(နိုင်)၂၂၅၈၈၆အား ရောင်းချပေးခဲ့ရာ ဒေါ်ဆူကျိရမှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၃၀)အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၉)၊ မောသီရိတိုးချဲ့(၂)၊ ဦးပိုင် အမှတ် (၁၇၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ ဧကကို မြို့မြေနေရာချထားရေးကြီးကြပ်မှု ကော်မတီ၊ လားရှိုးမြို့မှ ၃၁-၈-၁၉၉၃ ရက်တွင် ဦးဆန်ခမ်းလင်း NKM-၀၆၉၀၇၄ အား မြေနေရာချထားပေးခဲ့ပြီး ၁၀-၁၀-၂၀၂၁ ရက်တွင် ဦးဆန်ခမ်းလင်းမှ ဒေါ်မရွှေး ၁၃/လရန(နိုင်)၂၃၃၄၅၆အား ရောင်းချပေးခဲ့ရာ ဒေါ်မရွှေးမှမြေငှားဂရန် အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၃၀) အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်း ၁/ကရပ်ကွက်၊ ချစ်တီးကုန်း(၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁/က၊ လူနေရပ်ကွက်အမှတ် လေဆိပ်ဝန်းကျင်ဖွံ့ဖြိုးရေး စီမံကိန်း၊ မြေကွက်အမှတ်(၄၄/ခ)၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ ဦးမြင့်ဦး ၁၂/ရကန(နိုင်)၀၄၀၁၃၆ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကို ဒေါ်ဥမ္မာကျော် ၁၂/မဂဒ(နိုင်)၀၁၃၆၄၀ က အရောင်းအဝယ်အရပ်ကတိစာချုပ် ဆက်စပ်များဖြင့် ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း(မူရင်း)ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခင်မာနွယ်** | **ဒေါ်နန်းစုမြတ်နိုးထွဋ်** | **ဒေါ်ချောရူပါဝင်း** |
| **(LL.B,D.B.L)** | **(LL.B)** | **(LL.B)** |
| **(စဉ်-၁၄၂၆၂)** | **(စဉ်-၁၇၅၉၀)** | **(စဉ်-၅၂၅၉၃)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊**
**ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၅၇၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

### ဦးညွန့်မင်းစိုး ၁၂/ကမန(နိုင်)၀၇၃၀၇၁ နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ချိုချိုမာ ၁၂/ကမန(နိုင်)၀၈၄၅၈၃ နှင့် ဦးညွန့်မင်းစိုးတို့မှာ ၂၀၀၆ ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ဦးညွန့်မင်းစိုးမှာ ၁၄-၃-၂၀၂၂ ရက်တွင် ဇနီးဖြစ်သူ မသိရှိဘဲ နေအိမ်မှဆင်းသွားခဲ့ပြီး ဒေါ်ချိုချိုမာ အမည်ပေါက်သော (AA/7036 Toyota Caladina)ယာဉ်၊ ငွေကျပ်သိန်း ၁၀၀၊ ရွှေထည်လက်ဝတ်လက်စားများ၊ ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများအားလုံးကို ယူဆောင်သွားခဲ့ပါသည်။

ကျွန်မ မသိရှိဘဲ အထက်ဖော်ပြပါ ကားအား မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ချိုချိုမာ** | **ဦးလှမိုး(LL.B)** |
| **၁၂/ကမန(နိုင်)၀၈၄၅၈၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၂)** |
| | **အခန်း(A-၁၁/၁၂)၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၈၁၉၅၂** |

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထင်(ဘ) ဦးသာထွန်း ၁၂/အစန(နိုင်) ၁၀၄၈၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

ယနေ့မှစ၍ ယခင်ကကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထင်မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသောအထွေထွေကိုယ်စားလှယ်လွှဲစာများသည် တရားမဝင်ပယ်ဖျက်ကြောင်းနှင့် ထိုအထွေထွေကိုယ်စားလှယ်လွှဲစာများကို အသုံးပြု၍ ဆောင်ရွက်ထားသောကိစ္စအဝဝသည် ဦးကျော်ထင်နှင့် မသက်ဆိုင်ကြောင်း ဦးကျော်ထင်ထံတွင် တာဝန်မရှိကြောင်းကြေညာအပ်ပါသည်။

ထို့ကြောင့် (၂-၅-၂၀၂၂) ရက်နေ့တွင် ဦးကျော်ထင်မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဒေါ်ခိုင်သဇ္ဇာအောင်(ဘ) ဦးအောင်သိန်း ၅/မရန(နိုင်)၁၆၃၃၈၇ အားလွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်စာသာလျှင် ဦးကျော်ထင် ကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တရားဝင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွေး(လိုင်စင်အမှတ်-၃၈၁၇)**
**ဗဟိုတရားရုံးရှေ့နေ**
**အမှတ်(၉၄)၊ သမိန်ဗရမ်းလမ်း၊**
**တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၀၉၈၈၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ မင်းတပ်လမ်း၊ မြေကွက်အမှတ်(၈၇၅/ခ)၊ အလျား ၂၀ ပေx အနံ ၆၀ ပေ အကျယ်အဝန်းရှိ ဦးအောင်သန်း ၁၂/ဗဟန(နိုင်)၀၃၄၆၃၉ အမည်ပေါက်ဖြစ်သော မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်စန်းမြင့် ၁၂/ဗဟန(နိုင်)၀၃၆၁၄၂ထံမှ ကျွန်ုပ် ဦးနေကြည်ဦး ၁၀/မလမ(နိုင်)၀၀၀၃၇၀မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးနေကြည်ဦး**
